# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ စနေနေ့၊ (3-2-2007) (၅၂၂၂)


# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး တံတားတည်ဆောက်ရေး စီမံကိန်းတစ်ခုလုံးပြီးစီးမှု ၇၇ ဒသမ ၆ ရာခိုင်နှုန်းဖြစ်

နေပြည်တော်   ဖေဖော်ဝါရီ   ၂

**စစ်ကိုင်းတိုင်း မုံရွာမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မုံရွာ–စစ်ကိုင်း လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများနှင့် မြင်းမူမြို့ မြို့ရှောင်လမ်းတို့ကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီတွင် စစ်ကိုင်းမြို့သို့ ရောက်ရှိကြသည်။**

**ရှင်းလင်းပြသ**

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

**ကြည့်ရှုစစ်ဆေး**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းဘက်မှ ရေဝတီတံတား(ရတနာပုံ) ချဉ်းကပ်မြေသားလမ်းခင်းထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်ချီးမြှင့်

**ရန်ကုန်   ဖေဖော်ဝါရီ   ၂**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်း လီမိတက်(Myanmar Info-Tech Corporation Ltd., )၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်ချီးမြှင့်သည်။

**စာမျက်နှာ ၈ ကော်လံ ၃ သို့** ❐

| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး | ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး | ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး | ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး | ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာသတင်းအချက်အလက် နည်းပညာ ကော်ပိုရေးရှင်း လီမိတက်၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးသို့တက်ရောက်ချီးမြှင့်စဉ်နှင့် အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၃-၂-၂၀၀၇
(စနေနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းရင်းသားလူငယ်များ သက်မွေးပညာမြင့်မားရေးအားပေးထူထောင်

နိုင်ငံတော်က နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်လာခဲ့ရာ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းကြိုးပမ်းမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

နယ်စပ်ဒေသနေ တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးငယ်များ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်သည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်းကို နယ်စပ်ဒေသများ၌ ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိသည်။

အခြေခံပညာအပြင် အဆင့်မြင့်ပညာရပ်များ ဆည်းပူးနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခုကို ၂၀၀၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ပေးထားရာ ယခုအခါ အဆိုပါ ဒီဂရီကောလိပ်နှစ်ခုမှ ဘွဲ့ရတိုင်းရင်းသားလူငယ် ၅၇၄ ဦး မွေးထုတ်နိုင်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။

ထို့အပြင် တိုင်းရင်းသူ အမျိုးသမီးငယ်များအတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း ၃၄ ကျောင်း ဖွင့်လှစ်ထားရှိပြီး စရိတ်ငြိမ်းသင်ကြားပေးလျက်ရှိရာ ယခုအထိ သင်တန်းသူ နှစ်သောင်းကျော်တို့အား သက်မွေးပညာဖြင့် ဘဝရပ်တည်နိုင်ရေး လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

ထိုနည်းတူ တိုင်းရင်းသားလူငယ်များအား လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ် စက်ပြင် စသည့် သက်မွေးပညာရပ်များ သင်ကြားပေးနေသည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းများကို စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားဒေသများ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သို့ဖြစ်၍ နိုင်ငံတော်က နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ် လူရွယ်များ၏ စက်မှုလက်မှုပညာရပ်များနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များလည်း ပိုမိုမြင့်မား တိုးတက်လာမည် ဖြစ်ပါသည်။ ။

# မြန်မာနိုင်ငံတီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုရှင်းလင်းတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ External Monitoring Mission မှ Dr. Naninair ခေါင်းဆောင်သော အဖွဲ့က မြန်မာနိုင်ငံ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်းကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။**

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ External Monitoring Mission မှ Dr. Naninair ခေါင်းဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံတီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ညှိနှိုင်းဆွေးနွေးစဉ်။** (သတင်းစဉ်)

ရှင်းလင်းတင်ပြရာသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့်ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ကွင်းဆင်းဆောင်ရွက်

အဆိုပါ External Monitoring Mission အဖွဲ့သည် မြန်မာနိုင်ငံ၏ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို လာရောက်ဆန်းစစ်သည့် အဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့သည် အဖွဲ့သုံးဖွဲ့ခွဲပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၂ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ ကွင်းဆင်းဆောင်ရွက်ရာတွင် ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ လူနာများ၏ နေအိမ်များအထိ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

## ရှင်းလင်းတင်ပြ

ယင်းသို့ ကွင်းဆင်းရာတွင်နှစ်စဉ် တီဘီရောဂါ ဝေဒနာရှင်များအား ပိုမိုရှာဖွေဖော်ထုတ် ကုသပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံတီဘီနှင့် HIV/AIDS ပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်လျက်ရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုရရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ထို့အတူ ရောဂါသုံးမျိုးရန်ပုံငွေ (3 disease Fund)နှင့် ပတ်သက်ပြီး Coordinating body နှင့် Technical Strategy အဖွဲ့များ၏ ဆောင်ရွက်မှုများ အောင်မြင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း ရှင်းလင်းတင်ပြသည်။

## ဆွေးနွေး

ရှင်းလင်းတင်ပြချက်များအပေါ် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံလမ်းနေ နှစ်ဖက်သော မိဘများအား အမှူးထားပြီး ကွယ်လွန်သူဖခင်ကြီး (ဦးဖိုးသာ)အား ရည်စူး၍ ဇနီး ဒေါ်ကြင်ကြင်၊ သားသမီးမြေးများက သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်း ငါးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

# အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ယခင် မက်သဒစ်အင်္ဂလိပ်ဟိုက်စကူး (MEHS)နှင့် အထက(၁) ဒဂုံကျောင်းတွင် ၁၉၅၄-၁၉၇၈ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသူ၊ ကျောင်းသားဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ဖေဖော်ဝါရီ ၁၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ဂါရဝပြု ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ကျောင်းသူ၊ ကျောင်းသားဟောင်းများသည် ဦးကျော်မောင် ဖုန်း-၂၂၄၄၉၀၊ ဦးရဲမြင့် ဖုန်း-၀၉ ၅၀၀ ၈၇၅၀၊ ဦးစိုးညီညီ ဖုန်း-၀၉ ၅၀ ၁၉၆၄၃၊ ဦးထူးအောင်ကြီး ဖုန်း-၀၉ ၅၁ ၂၁၈၁၈၊ ဒေါ်ထားချို ဖုန်း-၅၃၄၇၈၀၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း-၀၉ ၉၉ ၂၄၅၇၄၊ ဒေါ်တင်မေလွင် ဖုန်း-၅၅၄၀၃၉၊ ဒေါ်ခင်သန်းမူ ဖုန်း-၅၄၁၈၅၄၊ ဒေါ်တင်လှမြင့် အထက(၁)ဒဂုံ ဒေါ်ရီစလင်းလှ ဖုန်း-၅၆၆၆၅၂၊ ဒေါ်ဝေမာဝင်း ဖုန်း-၀၉ ၈၀ ၃၂၂၂၁၊ ဦးကြည်ဝင်း ဖုန်း-၀၉၉၉ ၂၄၇၂၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

# သုံးခွမြို့မဟာဗောဓိစာသင်တိုက် ရာပြည့်ပွဲနှင့် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

၁၂၆၈ ခုနှစ်မှစ၍ သာသနာ့ဥဿျောင်ဆရာတော်ကြီးများ တည်ထောင်ခဲ့သော သုံးခွမြို့ မဟာဗောဓိ ပရိယတ္တိစာသင်တိုက်ကြီး နှစ်(၁၀၀)ပြည့်ပွဲနှင့် အာစရိယပူဇော်ပွဲကို ၁၃၆၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်၊ ၃ ရက် (ဖေဖော်ဝါရီလ ၃ ရက် ၄ ရက်)တို့တွင် ကျင်းပမည်ဖြစ်ရာ မဟာဗောဓိဝံသ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက်ကြရန် ရာပြည့်ပွဲနှင့်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က အသိပေး နှိုးဆော်ထားကြောင်း သိရသည်။ (၂၃)

# ငပုတောမြို့နယ် သမ္မာဒေဝရွာ မဟာစည်ဝိပဿနာတရားစခန်းပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်း ငပုတောမြို့နယ် သမ္မာဒေဝရွာ ချမ်းမြေ့သာယာကျောင်းတိုက်၌ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကောဝိဒ(နမော)အမှူးပြုသော ဆရာတော်များက (၁၄)ကြိမ်မြောက် မဟာစည်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲကို ၁၃၆၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်မှ ၁၁ ရက် (ဖေဖော်ဝါရီ ၃ ရက်မှ ၁၂ ရက်)အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

**မဏ္ဍိုမဒေသဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ မင်းဒင်လမ်းနေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးအောင်ထွန်းဝေ-ဒေါ်သန်းသန်းစိုး၊ သား အောင်ဘုန်းမြတ် မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ကျောင်းအကျိုးဆောင် မဟာသိမ်တော်ကြီး စာချနာယက ဆရာတော် အရှင်ဂန္ဓသာရ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)

# သစ်သားထည် ပန်းပုလုပ်ငန်းများထွန်းကားရာ လှည်းကူးမြို့နယ်မှ ဒါးပိန်မြို့သို့ တစ်ခေါက်

**ဆောင်းပါး-ဇော်ဝင်း(ကြေးမုံ)**
**ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)**

ဒါးပိန်မြို့သည် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်တွင် ပါဝင်ပြီး ရန်ကုန်မှ ၂၄ မိုင် ကွာဝေးသည်။ ဒေသ၏ အဓိက စီးပွားရေးလုပ်ငန်းအဖြစ် ဒေသနေ ပြည်သူများ၏ ၄၀ ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ကြပြီး သံထည် စက်မှုလက်မှုလုပ်ငန်း၊ အုတ်ဖုတ်လုပ်ငန်း၊ ဆေးလိပ်ခုံလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကာ အခြားထင်ရှားသော အမှတ်လက္ခဏာ တစ်ခုမှာ သစ်သားထည်ပန်းပု လုပ်ငန်းဖြစ်သည်။

**ပြပွဲတင်ရန်မဟုတ်၊ အပ်ထည်မဟုတ်၊ ဆိုင်တင် ရောင်းရန်လည်း မဟုတ်သည့် ကွန့်မြူးမှုလက်ရာနှင့် ဖန်တီးရှင် ဦးတင်ညွန့် (ဒါးပိန်)**
[မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံး(ဒါးပိန်) တွဲဖက်အတွင်းရေးမှူး]

**ဒါးပိန်မြို့ သစ်သားထည် ပန်းပုလုပ်ငန်းသည် ၁၉၇၀ ပြည့်နှစ်တွင် စတင်သန္ဓေတည်ခဲ့ပြီး လုပ်ငန်းကို ဦးစွာပထမ မျိုးစေ့ချခဲ့သူမှာ ပန်းပုဆရာကြီး ဦးဘိုကေဖြစ်သည်။**

**ရိုးရာအခြေခံ၍ ဘာသာရေးဆိုင်ရာ ရုပ်တုရုပ်ထွင်းများ ထုလုပ်ခြင်းဖြင့် စတင်ခဲ့သော ဒါးပိန်မြို့၏ပန်းပုလုပ်ငန်းသည် နှစ် ၄၀ သက်တမ်းအတွင်း ဝင်ရောက်ခဲ့ပြီဖြစ်ပြီး မြန်မာနိုင်ငံ၏ ထင်ရှားသော သစ်သားပန်းပုလုပ်ငန်းရပ်ဝန်းတစ်ခုအဖြစ် အခိုင်အမာ တည်ရှိနေသည်။**

ပန်းပုဆရာကြီး ဦးဘိုကေထံတွင် သင်ယူလေ့လာ ဆည်းပူး၍ ဒါးပိန်နယ်တစ်ဝိုက်တွင် သစ်သားပန်းပုထွင်းထု အသက်မွေးဝမ်းကျောင်းသူများ၏ ထုတ်ကုန်ပန်းပုရုပ်တုများသည် ၁၉၇၂ခုနှစ် တစ်ဝိုက်မှစ၍ ရန်ကုန်မြို့ ပန်းပုအနုပညာဈေးကွက်သို့ စတင်ဝင်ရောက်ပျံ့နှံ့လာခဲ့သလို သစ်သားထည်ပန်းပုရုပ်တုလောက၌ ဒါးပိန်ဟူ၍ အသိအမှတ်ပြုခံခဲ့ရသည်။

ဆရာကြီး ဦးဘိုကေသည် အဦးဆုံး တပည့်များအဖြစ် ဦးထွန်းငွေ၊ ဦးခင်ရွှေ၊ ဦးသိန်းလှိုင်၊ ဦးချစ်သောင်၊ ဦးကျော်ညွန့်၊ ဦးမြင့်အောင်၊ ဦးစိုးစိုး၊ ဦးကျော်ဆွေ၊ ဦးလှထွန်း၊ ဦးအောင်ဌေးတို့အား ပညာအမွေ ဖြန့်ဝေပေးခဲ့ခြင်းဖြင့် ဒါးပိန်သစ်သား ပန်းပု လောကမှာ စည်ပင်လာခဲ့သည်။

၁၉၈၅ ခုနှစ်တွင် ဒါးပိန်လက်ရာ ပန်းပုရုပ်တုများမှာ အရောင်းဆိုင်များတွင် အရောင်းတွင်ကျယ်လာခဲ့သည်။ သစ်သားပန်းပုထုလုပ် အသက်မွေးဝမ်းကျောင်းပြုသူ တစ်ရာကျော်အထိ ရှိလာခဲ့သည်။

ဈေးကွက်၏တောင်းဆိုမှုအရ ထုလုပ်သူများ၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ၏ အမှာ အကြားအရ ထုလုပ်သူများ စသည်ဖြင့် မိမိတို့ သန်ရာသန်ရာ ရွေးချယ်ထုလုပ်ခဲ့ကြသည်။

၁၉၈၇ ခုနှစ်တွင် ဒါးပိန်၌ ပန်းပုပညာရှင် ၃၀၀ ကျော်အထိ ရှိလာခဲ့သည်။ ရုပ်တုမျိုးစုံကိုလည်း ကျွမ်းကျင်စွာ ထုလုပ်လာနိုင်သော ပညာရှင်အဆင့် ၁၅၀ကျော် ရှိလာခဲ့ပြီဖြစ်သည်။ ဆရာကြီး ဦးဘိုကေ စတင်ထူထောင်ခဲ့သော သစ်သားထည် ပန်းပုလုပ်ငန်းသည် ထုနှင့် ထည်နှင့်၊ အင်နှင့်အားနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်လာခဲ့ပြီး နိုင်ငံအဝန်း ကျော်ကြားလာခဲ့သည်။

**အတတ်ပညာနှင့် အနုပညာ ပေါင်းစပ် ထုလုပ်ရသည့် လက်မှုပညာ သက်သက် ဖြစ်သည် ဆိုသည့် ပန်းပုပညာရှင် ကိုမျိုးလှိုင်နှင့် ၎င်း၏ ပြိုင်ပွဲဝင်သူရဲကောင်း ပျူစောထီးရုပ်တုကို အတူတွေ့ရစဉ်။**

ယနေ့အချိန်တွင် ဒါးပိန်နယ်ဖွား ပန်းပုပညာရှင် များစွာတို့သည် မန္တလေးနှင့် ပန်းပုဈေးကွက် ဖြစ်ထွန်းရာ အခြားမြို့ရွာများသို့ ပြောင်းရွှေ့အခြေစိုက်ကာ လုပ်ငန်းသစ်များ တိုးချဲ့ လုပ်ကိုင်နေကြပြီဖြစ်သည်။ ဒါးပိန်မှ ပန်းပုပညာရှင်များသည် မိမိတို့ စားဝတ်နေရေးအတွက် ထုဆစ်လုပ်ကိုင်ကြရင်း ပန်းပုပညာရပ်များ တိုးတက်မြင့်မားရေးအတွက် အဘက်ဘက်မှ လေ့လာလိုက်စားကာ ၎င်းတို့ဖန်တီးသည့် ရုပ်တုရုပ်ထွင်းများကို အနုပညာလက်ရာမြောက်အောင် ကြိုးပမ်းဖြည့်ဆည်း လျက်ရှိသည်။

**၁၉၉၃ ခုနှစ် (၄၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်အနုပညာပြပွဲပြိုင်ပွဲတွင် ဒါးပိန်မှ ပန်းပုပညာရှင် ဦးထွန်းငွေသည် အလွတ်တန်းပြိုင်ပွဲ၌ မဟာဗန္ဓုလ မြင်းစီးရုပ်တုဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကာ ပထမရရှိခဲ့သည်။**

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ပြပွဲအထိ နှစ်စဉ်မပြတ် ဒါးပိန်မှ ပန်းပုအနုပညာရှင်များ တင်သွင်း ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်အမျိုးမျိုး ဆွတ်ခူးရရှိခဲ့သည်။

ဒါးပိန်သစ်သားပန်းပုပညာရှင်များသည် ပုံပွားအနုပညာမှသည် ဖန်တီးမှု အနုပညာဖြင့် တက်လှမ်းလိုက်ခြင်းဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့သည် ဒါးပိန်မြို့သို့ သွားရောက်ကာ လက်ရှိဖြစ်ပေါ် တိုးတက်မှုများကို စေ့ငုလေ့လာခဲ့ရာတွင် မြန်မာနိုင်ငံ ရိုးရာ ပန်းပညာရှင်များ အစည်းအရုံး (ဒါးပိန်)မှ အတွင်းရေးမှူး ဦးအောင်ဌေး၊ တွဲဖက်အတွင်းရေးမှူး ဦးတင်ညွန့်၊ ပညာရှင်များ ဖြစ်ကြသော ဦးကျော်ညွန့်နှင့်ဦးမျိုးလှိုင်တို့အား တွေ့ဆုံ မေးမြန်းခဲ့ရာတွင် ရှေးဦးစွာ အတွင်းရေးမှူး ဦးအောင်ဌေးက သစ်သားပန်းပုထုလုပ်ခြင်းမှာ အတတ်ပညာနှင့် အနုပညာပိုင်းဟူ၍ နှစ်ပိုင်းရှိပါကြောင်း၊ မိမိတို့ရှေးဦး ကာလထွင်းထုခဲ့သည့် ရုပ်တုရုပ်ထွင်းများမှာ ဈေးကွက်အလိုအရ ကိုးကွယ်ယုံကြည်မှုနှင့် သက်ဆိုင်သည့် ရုပ်တုများ၊ ကုန်းနှင့်ရေနေ ကျောရိုးရှိ၊ ကျောရိုးမဲ့သတ္တဝါများ၊ ငှက်အမျိုးမျိုးတို့၏ ပုံဟန်သဏ္ဌာန် အမျိုးမျိုးသော ရုပ်တုများကို စတင်ထုလုပ်ခဲ့သော်လည်း ယခုအခါ ၁၈ လက်မ အရွယ်အစားမှသည် ခြောက်ပေအမြင့်ရှိ သစ်သားထည် ရုပ်တုများကို မိမိတို့ဒေသရှိ ပညာရှင်များက ကျွမ်းကျင်စွာ ထုလုပ်၍ ပြပွဲဝင်၊ ဆိုင်တင်ရောင်းချနိုင်သည် အထိ စွမ်းဆောင်နိုင်ကြပြီဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် မန္တလေးမြို့၌ ကျင်းပခဲ့သည့် မြန်မာ့ရိုးရာ ပန်း ၁၀ မျိုးပြပွဲတွင် မိမိတို့ဒေသမှ ရုပ်တု ၆၀ တင်သွင်းပြသခဲ့ကြောင်း၊ ရိုးရာကိုအခြေခံ၍ ထုလုပ်တင်သွင်းသည့် ရုပ်တုအများစုပါဝင်ပြီး Modern ပန်းပုရုပ်တုများလည်း ထုလုပ်တင်သွင်းခဲ့ကြောင်း၊ မိမိတို့ပညာရှင်များသည် အထည်သစ်သားသာရှိပါက မည်သည့်ရုပ်တုကိုမဆို ထုဆစ်နိုင်သည်အထိ ကျွမ်းကျင်မှုအပြည့် ရှိကြောင်းဖြင့် ပြောကြားပါသည်။

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး ဦးတင်ညွန့်က မိမိတို့ ဒါးပိန်၌ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဝင်ဦးရေ ၂၀၀ ကျော်ရှိပြီး ဤလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူမှာ ၂၅၀ ခန့်ရှိကြောင်း၊ အဓိကလုပ်ငန်းလုပ်ကိုင်သူမှာ အိမ်ထောင်စု ခုနစ်စုခန့်ရှိကြောင်း၊ ပန်းပုဆရာတစ်ဦးက ဦးဆောင်ကာ ပညာသင်တပည့်နှင့် ကျွမ်းကျင်ပညာရှင် ငါးဦးအထိ ရှိကြကြောင်း၊ အခြားသော ထုလုပ်သူများမှာလည်း ဤလုပ်ငန်းများ၌ ပညာ သင်ကြားခဲ့ကြ၍ ကိုယ်ပိုင်လုပ်ငန်းအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသူများ ဖြစ်ကြောင်း၊ မိမိတို့ဒေသ၏ ပန်းပုလုပ်ငန်းမှာ ၁၉၉၆ မှ ၂၀၀၃ ခုနှစ်အထိ အများဆုံး ထုလုပ်ခဲ့ရသည့် ကာလဖြစ်ကြောင်း၊ မန္တလေးနှင့်အခြားဒေသများမှ အမှာစာများ အများအပြားရရှိခဲ့ပြီး ထိုအချိန်က တိရစ္ဆာန်ရုပ်တုများမှာ အဝယ်လိုက်ကြောင်း၊ ၂၀၀၃ ခုနှစ် နောက်ပိုင်းတွင် ဈေးကွက် အနည်းငယ် ထိုင်းသွားကြောင်း ပြောပါသည်။

ပညာရှင်ဦးမျိုးလှိုင်က မိမိ တို့၏ ရိုးရာပန်းပုပညာ သင်ကြားရေးမှာ ကန့်ကူ လက်လှည့်စနစ်ပင် ဖြစ်ကြောင်း၊ ပညာသင်တပည့်များက ဆရာ့ထံတွင်အခြေခံမှစ၍နည်းနာခံယူ ဆည်းပူးရကြောင်း၊ ပန်းချီပညာ အခြေခံရှိရန်လည်းလိုအပ်ကြောင်း၊ အနုပညာနှင့်အတတ်ပညာ ပေါင်းစပ်ရသည့် ပညာရပ်ဖြစ်၍ ဗီဇ အခြေခံရှိသူများအနေဖြင့် အချိန်တိုအတွင်း သင်ယူတတ်မြောက်ကာ အသက်မွေးဝမ်းကျောင်း ပြုနိုင်ကြောင်း၊ လက်ရာမြောက်အနုပညာ နှင့် ဖန်တီးနိုင်မှုမှာတော့ လေ့လာအားစိုက်မှုနှင့် ပါရမီရှိမှုပါရှိမှ ဖြစ်နိုင်မှာဖြစ်ကြောင်း၊ ဤဒေသတွင် သစ်သား ပန်းပုထွင်းထုသူများမှာ မိမိကအစ မည်သည့်အနုပညာ သင်တန်းကျောင်းဆင်းမျှ မဟုတ်ကြောင်း၊ မိရိုးဖလာ ဆရာစဉ်ဆက် ဆက်ခံသင်ယူခဲ့သူများသာ ဖြစ်ကြောင်း ပြောကြားပါသည်။

ဆက်လက်၍ “သစ်သားပန်းပု အနုပညာအနေဖြင့် မည်သည့် အသားဖြင့် ထုဆစ်သည်ဖြစ်စေ ဖန်တီးသူ၏ လက်ရာအနုပညာက အဓိက တန်ဖိုးဖြစ်ပါကြောင်း” ပြောကြားပါသည်။

ဆက်လက်၍ ပညာရှင် ဦးမျိုး လှိုင်က ပြောကြားရာတွင်“လက်ရှိ ပန်းပုဈေးကွက်မှာ ရန်ကုန်မြို့ရှိ ပန်းပု အရောင်းဆိုင်များတွင် ၎င်းတို့ အပ်ထည်များ ပုံစံပြ အပ်နှံသော ရုပ်တုများကို လက်ခံထွင်းထုပေးရခြင်း၊ သို့မဟုတ် မိမိတို့ပညာရှင်များ၏ စိတ်ကူးဖြင့် ထုဆစ်သော ရုပ်တုကို ဈေးကွက်မှ တောင်းဆိုလာပါက ဆင့်ပွားထုလုပ်ရခြင်းများ ရှိကြောင်း၊အတတ်ပညာနှင့်အနုပညာ ပေါင်းစပ် ထုလုပ်ရသည့်အပြင် လက်မှုပညာ သက်သက်ဖြစ်သော ကြောင့် ၎င်းတို့မှာယူသော အရေအတွက်ကို ပေးသွင်းရန်မှာ အချိန်အကန့်အသတ်ရှိကြောင်း၊ ရုပ်တု ရုပ်ထွင်းထုလုပ်ရာတွင် ယမနေ၊ကျွန်း၊ ပိတောက်နှင့် ရင်းတိုက်သားများကို အသုံးပြုပါကြောင်း၊ လက်ရှိ အခြေအနေတွင် ကုန်ကြမ်းဈေးနှုန်း မြင့်နေ၍ မိမိတို့အတွက် အခက်အခဲ ဖြစ်နေကြောင်း” ဖြင့် ပြောကြားသည်။

ကြေးမုံသတင်းအဖွဲ့က လက်ရာနှင့် ဈေးနှုန်းအထည်သစ်နှင့် ဈေးနှုန်း ဆက်စပ်မှု၊ ပန်းပုပညာရှင်များ၏ ဆန္ဒ၊ လက်ရှိအခြေအနေနှင့် အနာဂတ်ရည်မှန်းချက်များကို မေးမြန်းရာ အတွင်းရေးမှူး ဦးအောင်ဌေး က “မိမိတို့ဒေသမှ ထုလုပ်သမျှ ရုပ်တုများက အမယ်စုံပါကြောင်း၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ၊ အမှတ်တရ အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဆိုင်တင်ရောင်း အရုပ်များ၊ သီးသန့် မှာကြား အပ်နှံသောရုပ်တုများ၊ ပညာရှင် စိတ်ကြိုက်ဖန်တီး ထွင်းထုသော ရုပ်တုများဖြစ်ကြောင်း၊ မိမိတို့၏ အဓိက မျှော်မှန်းချက်မှာ မိမိတို့ ထုလုပ်သမျှ၊ ဖန်တီးသမျှ Fine နှင့် Commercial များကို အနုပညာခံစားသူများနှင့် ထိစပ်မှုရှိရာ ဒေသများတွင် အရောင်းပြခန်း တစ်ခု ခိုင်ခိုင်မာမာ ဖွင့်လှစ်ပြသ ရောင်းချလိုပါကြောင်း၊ လုပ်ငန်း အတွက် လိုအပ်သည့် အထည် သစ်များလည်း သင့်တင့်သက်သာ သော ဈေးနှုန်းဖြစ်ပါက အတိုင်း ထက် အလွန် ကောင်းပါ ကြောင်း”ဖြင့် ပြောကြားသည်။

**အမှတ်တရ ပစ္စည်းအရောင်းဆိုင်နှင့် ပန်းချီပန်းပု အရောင်းဆိုင် ဈေးကွက်ဝင် ၁၈လက်မမှ ၃၆လက်မအမြင့်ရှိ ရိုးရာအခြေခံရုပ်တုများ။**

ကြေးမုံသတင်းအဖွဲ့သည် သက်ဆိုင်ရာလုပ်ငန်း ခွင်အတွင်း လှည့်လည်လေ့လာကြည့်ရှုပြီး **ဒေသတစ်ခု၏ အသက်မွေးဝမ်းကျောင်းမှု သို့မဟုတ် အဓိက ထုတ်ကုန်အဖြစ် တိုးတက်ဖြစ်ထွန်းရန် ရေခံ၊ မြေခံကောင်းမွန်မှု(ဝါ) ကျွမ်းကျင်သူပညာရှင်များ စုစုစည်းစည်း တည်ရှိမှုတို့ဖြစ်တည်နေသောဒါးပိန် သစ်သားထည် ပန်းပုလုပ်ငန်းသည် ကုန်ကြမ်း၊ ဈေးကွက်နှင့် အနုပညာခံစားသူတို့ အချိုးညီစွာ ဖြစ်ပေါ်လာသည်နှင့်အမျှ အနုပညာမြောက်လက်ရာများ ပေါ်ထွန်းလာကာ ဒေသစီးပွားရေး ရှင်သန်သွက်လက်လာမည့် မျှော်လင့်ချက်ကောင်း များစွာရှိနေပြီဖြစ်ကြောင်း သုံးသပ်မိပါသည်။**

# အီရတ်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်မှု မိုက်ရူးရဲဆန်သည့် ဆုံးဖြတ်ချက်ဟု အီရတ်ဒုတိယသမ္မတ ပြောကြား

ဒေးဗိုစ်(ဆွစ်ဇာလန်) ဖေဖော်ဝါရီ ၁

**အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်း ၂၀၀၃ခုနှစ်က ကျူးကျော်တိုက်ခိုက်သည့် ဆုံးဖြတ်ချက်သည် မိုက်ရူးရဲဆန်သည့် ဆုံးဖြတ်ချက်ဖြစ်ပြီး အီရတ်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံ၏ အနာဂတ်ဘဝ လုံခြုံရေးအတွက် အာမခံချက် ရရှိစေရေး ဆောင်ရွက်ရန် လိုအပ်နေကြောင်း အီရတ်ဒုတိယသမ္မတ အဗ္ဗဒူမာဒီက ကြာသပတေးနေ့တွင် ပြောကြားသည်။**

အီရတ်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်ခဲ့သည့် ဆုံးဖြတ်ချက်ကြောင့် အီရတ်နိုင်ငံသည် အသိမ်းပိုက်ခံဘဝသို့ ရောက်ရှိနေသည်ဟု မာဒီက ဒေးဗိုစ်တွင် ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ် အစည်းအဝေးတွင် ပြောကြားသည်။

အီရတ်အစိုးရက အနီးအပါးဒေသများမှ တပ်ဖွဲ့ဝင်များကို ဘဂ္ဂဒက်မြို့သို့ ခေါ်ယူ၍ ဖြန့်ကြက်ရန် စီစဉ်နေလျက်ရှိရာ အမေရိကန်တို့အဖို့ တပ်ဖွဲ့ဝင်ပိုမို ဖြန့်ကြက်ရန် လို၊ မလိုဆိုသောကိစ္စ မေးခွန်းထုတ်စရာ ဖြစ်နေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ပြောင်းလဲနိုင်**

မိမိတို့အနေဖြင့် မြို့တော်ဘဂ္ဂဒက်ကို ထိန်းချုပ်နိုင်မည်ဆိုပါက လက်ရှိပေါ်ပေါက်နေသော အကြမ်းဖက်တိုက်ခိုက်မှုများ ပြီးဆုံးသွားမည်ဟု ယူဆကြောင်း မာဒီက ပြောကြားသည်။

**လိုအပ်**

ဘဂ္ဂဒက်မြို့တော်တွင် အီရတ်တပ်ဖွဲ့ဝင်များ အများအပြားရှိရန် လိုအပ်သည်ဟုမိမိထင်မြင်မိပြီး ထိုသို့ဆောင်ရွက်ရန် နိုင်ငံ၏ အခြားဒေသများမှ တပ်ဖွဲ့များကို ခေါ်ယူနိုင်သည်ဟု ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာဒေသတွင် ခုခံရေးသမားများ၏တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

# ဗီယက်နမ်နိုင်ငံတွင် မူးယစ်ဆေးဝါး ရောင်းဝယ်သူရှစ်ဦး သေဒဏ်ချမှတ်ခံရ

**ဟနွိုင်း ဖေဖော်ဝါရီ ၁**

ဗီယက်နမ်တရားရုံးက မူးယစ်ဆေးဝါးထုတ်လုပ်၊ ရောင်းဝယ်ဖောက်ကား၊ သယ်ယူပို့ဆောင်သူ ဒေသခံရှစ်ဦးကို သေဒဏ်နှင့် ၁၃ဦးကို တစ်သက် တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ဗီယက်နမ်သတင်းဌာနက ဖော်ပြသည်။

**အပြစ်ပေး**

ဗီယက်နမ် မြောက်ပိုင်းဒေသရှိ ဆွန်လာပြည်နယ် ပြည်သူ့တရားရုံးက ထရင်ငုယင်သူရီ၊ လီဗန်တင်၊ ဒန်ဗန်အူ၊ ဗူဟောင်ဒီယက်၊ ငိုထရန်ဟီယူ၊ ဖမ်ဗွမ်သို၊ ငုယင်ဇန်သန်နှင့် ဖန်စက်ဟွန်တို့ ရှစ်ဦးကို သေဒဏ်နှင့် အခြားလူ ၁၀ဦးကို ထောင်ဒဏ် အပြစ်ပေးသည်။

ထရင်ငုယင်သူရီသည် ဒေသရှိ ကုမ္ပဏီတစ်ခုတွင် ညွှန်ကြားရေးမှူးဖြစ်ပြီး ၂၀၀၅ခုနှစ် ဩဂုတ်လတွင် ဖမ်းမိခဲ့သည်။ ၎င်းနှင့် ကြံရာပါများသည် ဘိန်းဖြူ ၂၁၆ ကီလိုနှင့် ဘိန်း ၁၉၉ ကီလိုတို့ကို ဖော်ပြပါ ပြည်နယ်တွင် ရောင်းဝယ်ဖောက်ကားခဲ့ပြီး ဟနွိုင်းမြို့နှင့် ဘက်နင်ပြည်နယ်တွင် ဘိန်းဖြူ ၄၄ ကီလို ထုတ်လုပ်ရောင်းချခဲ့မှုဖြင့် စွဲချက်တင်ခံထားရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး ရေနံမြေဖြစ်သော ရှန်တုန်းပြည်နယ် အရှေ့ဘက်ရှိ ရှန်လီရေနံမြေကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*



# အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခံရ သတင်းအသေးစိတ် ကန်တပ်ဖွဲ့ထုတ်ပြန်

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁**

အီရတ်တွင် ပြီးခဲ့သောရက်သတ္တပတ်က အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးကြောင်း၊ အဆိုပါ တိုက်ခိုက်မှု ဖြစ်ပွားသည့် သတင်းအသေးစိတ်ကို အမေရိကန်တပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးမှ လေးဦးကို အမေရိကန်လုံခြုံရေးတပ်ဖွဲ့ဟန်ဆောင်ထားသော လက်နက်ကိုင်များက ဖမ်းဆီးခေါ်ဆောင်သွားသည်။

အမေရိကန်လုံခြုံရေးတပ်ဖွဲ့ဝတ်စုံဝတ်၍ လက်နက်များ ကိုင်ဆောင်ထားသော လက်နက်ကိုင်များသည် အမေရိကန်တပ်ဖွဲ့များ သုံးစွဲလေ့ရှိသောကားဖြင့် ၎င်းတို့ကို ခေါ်ဆောင်သွားခြင်းဖြစ်သည်။ရှီးယိုက်တို့အထွတ်အမြတ်ထားရာ ကာဘာလာမြို့ရှိ အီရတ်အစိုးရရုံးဝင်းအတွင်း ဝင်ရောက်ကာ အမေရိကန်တပ်ဖွဲ့ဝင်ကို ခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း ကန်စစ်ဘက်က ထုတ်ပြန်သည့် သတင်းတွင် ဖော်ပြထားသည်။

အခင်းဖြစ်ပွားချိန်တွင် အီရတ်အစိုးရရုံးဝင်းအတွင်း၌ ကျင်းပပြုလုပ်နေသော ဆွေးနွေးပွဲသို့ အမေရိကန်တပ်ဖွဲ့ အရာရှိများ တက်ရောက်နေကြကြောင်း၊ ယင်းအချိန်တွင် အမေရိကန်တပ်ဖွဲ့ဟန်ဆောင်ထားသော ယာဉ်ငါးစီးထက် မနည်းပါရှိသော ယာဉ်တန်းသည် အဆိုပါဝင်းအတွင်း ဝင်ရောက်လာပြီး အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို သတ်ဖြတ်ခဲ့ကြောင်း နောက်ဆုံးသတင်းအရ ဖော်ပြထားသည်။ ယင်းနေရာတွင် ပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပေါ်ပြီး၊ လုံးထွေးသတ်ပုတ်မှုဖြစ်ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးကို လက်နက်ကိုင်များက ဖမ်းဆီးခေါ်ဆောင်သွားကြသည်။

***အင်တာနက်။***

# သင်္ဘောတစ်စင်း ဂျီဘရော်တာ၌ သောင်တင်

**မဒရစ် ဖေဖော်ဝါရီ ၁**

အအေးခန်း သင်္ဘောတစ်စင်းသည် စပိန်ကမ်းခြေအနီး မုန်တိုင်းထန်နေသည့် ပင်လယ်ပြင်တွင် တနင်္ဂနွေနေ့က သောင်တင်သွားသဖြင့် သင်္ဘောကိုယ်ထည်ကျိုးပေါက်ကာ စက်သုံးဆီများ ဂျီဘရော်တာ ကမ်းခြေတွင် ဖိတ်စဉ်ခဲ့ကြောင်း စပိန်သတင်းဌာနက ဖော်ပြသည်။

**မျောပါ**

ဆီရာနာဗာအမည်ရှိ သင်္ဘောသည် ဂျီဘရော်တာ ပင်လယ်ကွေ့တွင် ကျောက်ချထားရာ လေပြင်းတိုက်ခတ်မှုကြောင့် အယ်လ်ဂျီစီရာ တောင်ပိုင်းရှိ ကမ်းခြေသို့မျောပါသွားခဲ့သည်ဟု စပိန်ကမ်းခြေစောင့် တပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ သင်္ဘောမှ လောင်စာဆီများသည် ကမ်းခြေတစ်လျှောက် လေးကီလိုမီတာ (၂ဒသမ ၅မိုင်) အထိ ပျံ့နှံ့သွားသည်ဟု သတင်းစာက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂရင်းပိစ်အုပ်စုကို ကိုးကား၍ ဖော်ပြသည်။

အဆိုပါ သင်္ဘောပေါ်ရှိ အခန်းလေးခန်းတွင် လောင်စာတန်ချိန် ၃၅၀ တင်ဆောင်လာခဲ့ပြီး အခန်းတစ်ခန်း ပျက်စီးသွားသည်ဟု ဆိုသည်။

ကမ်းခြေစောင့်တပ်ဖွဲ့မှ ရဟတ်ယာဉ်တစ်စင်းက အဆိုပါသင်္ဘောမှ သင်္ဘောသား ၁၄ဦးကို ကယ်တင်ခဲ့သည်ဟု သတင်းစာက ဆက်လက်ဖော်ပြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဒွန်မောင်း လေဆိပ်ဟောင်း ပြန်လည်ဖွင့်လှစ်မည်

**ဗန်ကောက် ဖေဖော်ဝါရီ ၁**

ထိုင်းနိုင်ငံရှိ အမေရိကန်ဒေါ်လာလေးဘီလီယံတန်ဖိုးရှိ သုဝဏ္ဏဘုမ္မိလေဆိပ်သစ်တွင် လေယာဉ်အဆင်းအတက်များပြားမှု သက်သာစေရန်နှင့် ပြည်တွင်းခရီးစဉ်များ ပြေးဆွဲရန်အတွက် မကြာခင်ကပိတ်ထားခဲ့သည့် ဗန်ကောက် ဒွန်မောင်းလေဆိပ်ကို ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးက တနင်္လာနေ့တွင် ပြောကြားသည်။

သုဝဏ္ဏဘုမ္မိလေဆိပ်တွင် လေယာဉ်အဆင်းအတက် များပြားမှုကြောင့်ဒွန်မောင်းလေဆိပ်ကို ပြန်လည်ဖွင့်ခြင်းဖြစ်ကြောင်း၊ သုဝဏ္ဏဘုမ္မိလေဆိပ်တွင် ယာဉ်သွားလမ်းများနှင့် လေယာဉ်ပြေးလမ်း ကွဲအက်နေပြီးလေယာဉ်နှင့် လေဆိပ်ကူးတံတားပျက်နေကြောင်း၊ မည်သည့်အချိန်တွင် ပြင်ဆင်ပြီးမည်ဟု မိမိမသိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# မလေးရှားတွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁**

ခရီးသည် ၁၀ ဦးနှင့် ရဟတ်ယာဉ် ဝန်ထမ်းတို့ လိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်းသည် မလေးရှားနိုင်ငံ၏ အရှေ့ပိုင်းဒေသရှိ ဆာရာဝပ်ပြည်နယ်၏ ကမ်းလွန် တောင်တရုတ်ပင်လယ်အတွင်း အင်္ဂါနေ့က ပျက်ကျသွားခဲ့ပြီးနောက် ကယ်တင်သူများက လူကိုးဦးကို ပင်လယ်တွင်းမှ ကယ်တင်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် တစ်ဦးမှာ ယခုထက်တိုင် ပျောက်ဆုံးလျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဆူပါပူမား–၁၂ အမျိုးအစား ရဟတ်ယာဉ်တွင် ခရီးသည်ရှစ်ဦးနှင့် ရဟတ်ယာဉ်ဝန်ထမ်း ခုနစ်ဦး လိုက်ပါလာကြသည်။ အဆိုပါ ရဟတ်ယာဉ်သည် ကမ်းခြေမြို့ဖြစ်သည့် ဘင်တာလူမြို့မှ ကီလိုမီတာ ၈၀ အကွာရှိ ကမ်းလွန်ရေနံစင်မှ ပျံတက်ခဲ့ပြီး မကြာမီ ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ပီထရိုနပ်စ်ရေနံ ကုမ္ပဏီက ပြောကြားသည်။ အဆိုပါကုမ္ပဏီက ရဟတ်ယာဉ်ပျက်ကျသည့် ဇာစ်မြစ်ကို ပြောကြားခြင်း မရှိပေ။

ရေနံစင် အလုပ်သမား ၁၀ဦးနှင့် ရဟတ်ယာဉ်မှူး နှစ်ဦးအပါအဝင် လူ ၁၂ ဦးသည် အဆိုပါ ရဟတ်ယာဉ်ပေါ် စီးနင်းလိုက်ပါလာကြသည်ဟု စတားသတင်းစာက စောစောပိုင်းက ရေးသားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

**ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့ စိုက်ပျိုးရေးဌာနရှေ့တွင် မျိုးဗီဇပြုပြင်ထားသော ဂျီအမ် ပြောင်းစိုက်ပျိုးမှုကို ကန့်ကွက်ဆန္ဒပြနေသူ တစ်ဦးအား ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

# စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထားကာ ပံ့ပိုးဆောင်ရွက် အကောင်းမြင် အပြုသဘောစေတနာတို့ပေါင်းစပ်၍ လုပ်ဆောင်

## ပြန်ကြားရေးဝန်ကြီး စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနတွင် ဆွေးနွေးမှာကြား

**ဆွေးနွေးမှာကြား**

**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စာပေစိစစ်ခြင်းနှင့် မှတ်ပုံတင်ခွင့်ပြု ဆောင်ရွက်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားစဉ်။**
(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဝက်ပါလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး စာပေစိစစ်ခြင်းနှင့် မှတ်ပုံတင်ခွင့်ပြု ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးမှာကြားသည်။**

တွေ့ဆုံပွဲတွင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဦးတင့်ဆွေက စာပေစိစစ်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများ၊ စာပေစိစစ်ရေးလုပ်ငန်း ရည်ရွယ်ချက်များ၊ စာပေစိစစ်ရေးမှူးများ စာပေစိစစ်ရာတွင် လက်ရှိရင်ဆိုင် နေရသော အခြေအနေများနှင့် ထုတ်ဝေခွင့်မှတ်ပုံတင်များ ခွင့်ပြုဆောင်ရွက်ခြင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စိစစ်ထိန်းသိမ်း**

ထို့နောက် ဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် စာပေစိစစ်နှင့် မှတ်ပုံတင် ဌာနအား လုပ်ငန်းရည်ရွယ်ချက်(၄)ရပ် ချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ ယင်းတို့မှာ စာပေလောကသားများ၏ စွမ်းအားကို တိုင်းပြည်နှင့်လူမျိုးအကျိုး ဖော်ဆောင် ရာတွင် စည်းရုံးကွပ်ကဲဆောင်ရွက်ရန်၊ စာပေစိစစ်နှင့် စာပေလောကသားများ ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်ရန်၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ရန်နှင့် စာပေလောကလုပ်ငန်းများကို နိုင်ငံတော်၏မူဝါဒ၊ ပေါ်လစီ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့်အညီ စိစစ်ထိန်းသိမ်း ကြပ်မတ်ရန်တို့ ဖြစ်ကြောင်း၊ ထို့ကြောင့် ပေးအပ်ထားသောရည်မှန်းချက်တာဝန်များ အောင်မြင် မှုများရရှိအောင် ဆောင်ရွက်ရေး၊ အားသာချက် အားနည်းချက်များကို ဖော်ထုတ်ပြီး အားနည်းချက်များ ပြုပြင်ရေး၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထားကာ ပံ့ပိုးဆောင်ရွက်ရေး၊ သတိပေးခြင်း၊ အရေးယူခြင်း လုပ်ငန်းများ တွင်လည်း မျှမျှတတ ဆောင်ရွက်ရေး၊ အကောင်းမြင် အပြုသဘော စေတနာတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ ယနေ့ ပညာခေတ်၏ မီဒီယာအားကြီးမားမှုကို မျက်ခြည်မပြတ်ရေး၊ မီဒီယာလောကနှင့် ထိတွေ့ဆက်ဆံရာတွင် မိမိအားနည်း ချက်ကြောင့် မှားယွင်းမှုမဖြစ်စေရေး၊ အမျိုးသားအကျိုးစီးပွားအတွက် မှန်မှန် ကန်ကန် ပြုပြင်ဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးမှာကြားသည်။(သတင်းစဉ်)

## တရုတ်ပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာ-တရုတ် နှစ်နိုင်ငံ ပြန်ကြား ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရန်အတွက် ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး (ဒုတိယဌာနကြီးမှူး) ဒုတိယ ဝန်ကြီးအဆင့်ရှိ H.E Mr. Cai Mingzhao ခေါင်းဆောင်သော တရုတ် ပြန်ကြားရေးကိုယ်စားလှယ် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

တရုတ် ပြန်ကြားရေးကိုယ်စားလှယ် အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဒုတိယညွှန်ကြား ရေးမှူး(သတင်း) ဦးခင်မောင်ကျော်ဒင် နှင့် မန်နေဂျာ (ထုတ်လုပ်) ဦးဝေဖြိုး သန်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက် ကြသည်။

(သတင်းစဉ်)

**တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြား ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ဒုတိယဌာနကြီးမှူး) ဒုတိယဝန်ကြီး အဆင့်ရှိ H.E. Mr.Cai Mingzhao ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည် ထွက်ခွာရာ ပြန်ကြားရေးဝန်ကြီး ဌာနမှ ဌာနဆိုင်ရာအကြီးအကဲ များနှင့် တာဝန်ရှိသူများ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။**
(သတင်းစဉ်)

## အခြေခံကွန်ပျူတာနှင့် ဂျီပီအက်စ်သင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန ကြေးတိုင်းနှင့် မြေစာရင်းဦးစီးဌာန အခြေခံကွန်ပျူတာ နှင့် GPS Short Course သင်တန်း အမှတ်စဉ် (၃/၂၀၀၇)ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉နာရီတွင် တိုက်ကြီးမြို့ ဗဟို မြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေး ရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်းနှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီ တက်ရောက် အမှာစကားပြောကြား သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဗဟို မြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေး ရေး သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန် တိုင်း မြေစာရင်းဦးစီးဌာနမှူးနှင့် သင်တန်းမှူးများ၊ သင်တန်းနည်းပြများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်၊ တိုင်း မြေစာရင်းဦးစီးဌာနများမှ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လခွဲ ကြာမြင့် မည်ဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ စာပေရန်ပုံငွေအဖြစ် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁ ရက်ကကျင်းပရာ တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက သတင်းထောက် ဦးကျော်လှ လှူဒါန်းသည့် အလှူငွေ ကျပ်တစ်သိန်းကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တာဝန်ရှိသူများ လက်ခံစဉ်။** (စာနယ်ဇင်း)

## ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၆)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အမှတ်(၂၁/၄၃)စီ ကြားတောရလမ်း ဗဟန်းမြို့နယ်ရှိ ရောဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်အားလုံးနှင့် ရန်ကုန်ရောက် ပုသိမ်နယ်သူ၊ နယ်သားများ တက်ရောက်ကြပါရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်အထက် အသင်းဝင်များသည် မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် အမှတ်စာရင်းမိတ္တူဖြင့် လည်းကောင်း ပုသိမ်အသင်း(ရန်ကုန်)သို့ ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ရမည် ဖြစ်သည်။

လှူဒါန်းလိုပါက ပုသိမ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀-၃၇၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**ကွယ်လွန်သူ ဖခင် ဦးအေးလွင်နှင့် မိခင် ဒေါ်မမကြီးတို့အား ရည်စူး၍ "လွင်"မောင်နှမတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ် ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။**
(က-ပ)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက် အဖျက်အမှောင့်လုပ်ငန်းများကို စုံစမ်းဖော်ထုတ်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ပြည်ထဲရေး ဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ အကျဉ်းထောင်၊ အလုပ်စခန်းတာဝန်ခံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲဦးစီးအရာရှိချုပ်နှင့် ရဲအရာရှိကြီးများ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ဝန်ကြီးက ဒို့တာဝန်အရေးသုံးပါးနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် လုပ်ငန်းတာဝန်ကို အလေးထားဆောင်ရွက်ရေး၊ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ လုံခြုံရေး၊ မဟုတ်မမှန်သတင်းများကို ပြန်လည်တုံ့ပြန်နိုင်ရေး၊ အဖျက်အမှောင့်လုပ်ငန်းများကို စုံစမ်းဖော်ထုတ်ရေး၊ လာဘ်ပေးလာဘ်ယူမှုကို ရှောင်ကြဉ်ရေး၊ ပြည်သူက ယုံကြည်ကိုးစားသော ဝန်ကြီးဌာနဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဌာနအချင်းချင်း ပူးပေါင်းကူညီဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် (၁၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်ရှိ သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၅ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၅ ရက် ညနေ ၅နာရီခွဲတွင် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပြီး ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။ ဖေဖော်ဝါရီ ၈ ရက် ညနေ ၅ နာရီတွင် ဘုရားပွဲတော် ဖွင့်ပွဲကျင်းပပြီး ၁၅ရက်အထိ ဇာတ်သဘင်အဖွဲ့ဖြင့် ဖျော်ဖြေပြီး ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၄ နာရီတွင် ပင့်သံဃာအပါး ၂၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူ၍ စာရေးတံမဲဖောက်လှူဒါန်းမည်ဖြစ်သည်။ ထို့ပြင် ရင်ပြင်တော်ပေါ်ရှိ ရှေးဟောင်းသာသနိက အဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်းနှင့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ခြင်းအတွက် လှူဒါန်းနိုင်ကြောင်းနှင့် စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းအတွက် ကိုးလက်မပတ်လည် ရွှေပြားတစ်ချပ်လျှင် ကျပ် ၁၅၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း၊ ပွဲတော်ကာလ ဆွမ်း၊ ကွမ်း လှူဒါန်းလိုသူ အလှူရှင်များသည် စေတီတော် ဂေါပကရုံး ဖုန်း- ၆၆၀၀၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်းသိရသည်။ (ကြေးမုံ)




# ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဒဂုံမြို့သစ်(တောင်ပိုင်း) အမက(၁၄) သို့ စာသင်ခုံများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂

**ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၇၀) ရပ်ကွက် ဗန္ဓုလလမ်းရှိ အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ အမှာစကားပြောကြားပြီး စာသင်ခုံများပေးအပ်လှူဒါန်းသည်။**

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အဆိုပါမူလတန်းကျောင်းသို့ ထိုင်ခုံတွဲလျက် စာသင်ခုံ ၈၄ စုံကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာပြုံးက လက်ခံယူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဗဟို အလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန်ထံ အမှတ်(၁၄) အခြေခံပညာ မူလတန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ အစောင် ၂၀၀ ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာပြုံးက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံယူပြီး အသင်းဝင် အသိအမှတ်ပြု ကတ်ပြားများ ပြန်လည်ပေးအပ်သည်။ (၁၉)

# တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့နှင့် စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၆၈ ခုနှစ် စာဆိုတော်နေ့ အခမ်းအနား စာပေဟောပြောပွဲ၊ စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲနှင့် နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက တာမွေ အထက (၂)ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟို အလုပ်အမှုဆောင် ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)နှင့် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း **(အပေါ်ပုံ)** တို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ၏ စာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင် (စိုးအောင်/တိုင်းရင်းဆေးသိပ္ပံ)က ဖတ်ကြားသည်။

ဆက်လက်၍ စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနေဝင်း(လူနေလင်း)က ရှင်းလင်းတင်ပြပြီး နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို အတွင်းရေးမှူး ဦးလှဌေး (ကိုတူး/အညာမြေ) က ဖတ်ကြားသည်။

ထို့နောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာ လယ်တွင်းသားစောချစ်က စာပေရေးရာများကို ဟောပြောသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

သဃ်န်းကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့သို့ အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ရုံး၌ကျင်းပရာ အလှူရှင် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီး ဝိဇ္ဇာရေနယ ဒေါက်တာ ဦးရှိန်း M.D (M.A)(တပ်မတော်၊ အငြိမ်းစား) က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးဝင်းနိုင်(ငြိမ်း) ထံ အလှူငွေ ကျပ် ၁၅၀၀၀၀ လှူဒါန်းစဉ်။ (၅၀၆)

# ပေါ့ဆမှုကြောင့် မြို့နယ်အချို့တွင် မီးလောင်မှုများဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီ ၅၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်း အိမ်အမှတ် (၃)နေ ဒေါ်ခင်သ၏ နှစ်ခန်းတွဲငါးလွှာတိုက် တတိယထပ် ယာဘက်အခန်းတွင် ပလတ်စတစ်တစ်သျှူးဘူးပေါ် ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ငွေကျပ် တစ်သိန်းဖိုးခန့်ဆုံးရှုံးသည်။

ယင်းနေ့ နံနက် ၉နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေး(တောင်) ရပ်ကွက် အောင်သစ္စာလမ်း၊ အိမ်အမှတ် (၃၆၄/ခ) နေ ဦးအောင်မြတ်ကျော်၏အိမ်တွင် ဆေးလိပ်တိုမီးမှ အနီးရှိမွေ့ရာသို့ကူးစက်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ရှစ်လုံး မီးလောင်ခံရသဖြင့် လူ ၄၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ငွေကျပ် ၁၁ သိန်းဖိုးခန့်ဆုံးရှုံးပြီး နွားခြောက်ကောင် သေဆုံးသည်။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခန့်တွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက် ပတ္တမြားလမ်း အိမ်အမှတ် (၁၂၀/ခ)နေ ဒေါ်ကြည်၏ အိမ်တွင် လျှပ်စစ်မီးဖိုပေါ် ဟင်းအိုးနွှေးရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်လေးလုံး မီးလောင်ခံရပြီး လူ ၁၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ငွေကျပ် သုံးသိန်းဖိုးခန့်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

အထက(၆) ဗိုလ်တထောင် (ယခင်စိန့်ပေါလ်) ကျောင်းဆရာကြီး၊ ဆရာမကြီးများနှင့် နဝမအကြိမ် (၁၉၆၅-၁၉၈၀)၊ (၁၉၈၁-၂၀၀၆)သက်ပြည့် အငြိမ်းစားယူသွားသော ဆရာ၊ ဆရာမများအား မြတ်ဆရာ ပူဇော်ပွဲကို မတ် ၂ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် အထက(၆) ဗိုလ်တထောင် အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

# ရခိုင်ကမ်းလွန်ဒေသ သဘာဝဓာတ်ငွေ့သိုက် ထုတ်ယူသုံးစွဲရေးနှင့် တနင်္သာရီကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေး မူဝါဒ လုပ်ငန်းစဉ်များ ချမှတ်ရေးအစည်းအဝေးသို့ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသော ရခိုင်ကမ်းလွန်ဒေသတွင် တွေ့ရှိထားသည့် သဘာဝဓာတ်ငွေ့သိုက်ကို ထုတ်ယူသုံးစွဲရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများ အစည်းအဝေးနှင့် တနင်္သာရီကမ်းလွန်ဒေသလုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် မူဝါဒလုပ်ငန်းစဉ်များချမှတ်ရေး အစည်းအဝေးတို့ကို တက်ရောက်ခဲ့သည်။**

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ပက်ထရိုနပ်စ် ရေနံကုမ္ပဏီမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံတနင်္သာရီကမ်းလွန်ဒေသ လုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးအတွက် တွေ့ဆုံဆွေးနွေးစဉ်။** (စွမ်းအင်)

ဝန်ကြီးသည် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Mandrain Oriental ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသော အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် Petronas Cari Glari Myanmar ကုမ္ပဏီမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ၂၀၀၆-၂၀၀၇ ခုနှစ်များအတွင်း တနင်္သာရီ ကမ်းလွန်ဒေသ M-15/16/17/18 လုပ်ကွက်များအတွင်း တူးဖော်ပြီးစီးမှုအခြေအနေနှင့် ရှာဖွေရေးတွင်းများ ဆက်လက်တူးဖော်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ကွက်များအတွင်းရှိ မတူးဖော်ရသေးသော ရေနံနှင့် သဘာဝဓာတ်ငွေ့အလားအလာကောင်းများရှိသည့် Miocene Fan Prospect အတွင်း ထပ်မံတူးဖော်စမ်းသပ်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ တွေ့ရှိထားသည့် ရခိုင်ကမ်းလွန် သဘာဝဓာတ်ငွေ့ကို LNG (Liquefied Natural Gas) သဘာဝဓာတ်ငွေ့ရည် စက်ရုံ တည်ဆောက်ရေး စီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီက တနင်္သာရီကမ်းလွန်ဒေသ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ရေး၊ ရဲတံခွန် Miocene Fan Prospect တွင် အလားအလာကောင်းသော နေရာသစ်များကို ပွင့်လင်း ရာသီအတွင်း အမြန်ဆုံး တူးဖော်စမ်းသပ်သွားနိုင်ရေး၊ အသစ်ထပ်မံ ဖော်ထုတ်ထားသည့် ရေနက်ပိုင်း လုပ်ကွက်များတွင်လည်း ပက်ထရိုနပ်စ် ကုမ္ပဏီအနေဖြင့် ပါဝင်ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေး၊ ရခိုင်ကမ်းလွန် သဘာဝဓာတ်ငွေ့ LNG စက်ရုံတည်ဆောက်ရေးစီမံကိန်း Feasibility Studyလုပ်ငန်းများကို အဆင့်အလိုက် ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းအစီအစဉ်များကို အသေးစိတ် မှာကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီသည် ပက်ထရိုနပ်စ်ကုမ္ပဏီ Twin Tower ရုံး အဆောက်အအုံ Visualisation Center သို့ သွားရောက်ပြီး ကုမ္ပဏီ၏ မြန်မာနိုင်ငံ တနင်္သာရီ ကမ်းလွန်လုပ်ကွက်များအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာများကို သုံးဖက်မြင်ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးက တနင်္သာရီ ကမ်းလွန်ဒေသများအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာကောင်းမည့် Prospectများကို အမြန်ဆုံး တူးဖော် စမ်းသပ်သွားနိုင်ရေး မှာကြားပြီး ပူးပေါင်းဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ Rimbunan Petrogas ကုမ္ပဏီဥက္ကဋ္ဌ Mr. Tansridatuk Tiong Hiew King ဦးဆောင်သော အဖွဲ့အား လက်ခံတွေ့ဆုံပြီး ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-5 ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် PSC စာချုပ် ချုပ်ဆိုနိုင်ရေး၊ မြန်မာ့ကမ်းလွန်ရေနက်ပိုင်း လုပ်ကွက်များအတွင်း ပါဝင်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၂၃ ရက် မွန်းလွဲပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ Hatim Capital Pte. Ltd., မှ Chairman, Mr. Tan Ching Khoon အား Shangrila ဟိုတယ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာသို့ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းမြင့်၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ခိုင်သိန်းတို့လည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ ဖေဖော်ဝါရီ ၁၂ရက်မှ ၂၄ရက်အထိ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် အမျိုးသား၊အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲနှင့်စပ်လျဉ်း၍ သတင်းနှင့်စာနယ်ဇင်း ရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းက ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် သတင်းနှင့်စာနယ်ဇင်းများမှ တာဝန်ရှိသူများက ပြိုင်ပွဲနှင့် ပတ်သက်၍ သိရှိလိုသော အချက်အလက်များကို စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ယင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်မှ ၂၄ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂-၂-၂၀၀၇

**နေပြည်တော်**
၀၁သမ၉၁လက်မ
**ဟုမ္မလင်း**
၁၁သမ၄၅လက်မ
**မော်လိုက်**
၁၁သမ၂၆ လက်မ
**နမ့်ဆန်**
၀၁သမ၇၈လက်မ
**လားရှိုး**
၀၁သမ၇၁လက်မ
**သီပေါနှင့်ကျိုင်းတုံ**
၀၁သမ၅၉လက်မ
**ပျဉ်းမနား**
၀၁သမ၅၅လက်မ

## ထူးခြားသည့်ညအပူချိန်များ

၂-၂-၂၀၀၇

**ဟားခါး ၀ ဒီဂရီစင်တီဂရိတ်**
**ရန်ကုန် ၁၆ ဒီဂရီစင်တီဂရိတ်**

## လူတို့ရှောင်ကြဉ်သင့်သော မကောင်းမှု(၆)ပါး

ရှောင်ကြဉ်သင့်သော တရားများတွင် ဒေါသမီးသည် ကိလေသာ၁၀ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သကဲ့သို့ မီး ၁၁ မီးတွင်လည်း တစ်ခု အပါအဝင်ဖြစ်သည်။ ထိုအထဲတွင် လူတို့ရှောင်ကြဉ်သင့်သော အောက်ပါမကောင်းမှု ခြောက်မျိုးကို သတိပညာနှင့်ယှဉ်၍ အမြဲတမ်းလွတ်အောင် ရှောင်ကြရမည်-

**၁။ အမျက်ဒေါသကြီးခြင်း**
**၂။ ဂုဏ်တုဂုဏ်ပြိုင်ခြင်း၊ ကျေးဇူးမဲ့ခြင်း**
**၃။ ကောက်ကျစ်စဉ်းလဲ ဖြားယောင်းသွေးဆောင်တတ်ခြင်း**
**၄။ မှားသောအယူ မကောင်းသောဆန္ဒရှိခြင်း**
**၅။ မနာလိုဝန်တိုခြင်း**
**၆။ ဆင်ခြင်မဲ့ပြုတတ်ခြင်း၊ တဇောက်ကန်းပြုကျင့်ခြင်း**

ဟူသည့် ဒေါသကို အခြေခံ၍ ဖြစ်ပေါ်လာတတ်သော အဆိုးတရားခြောက်ပါးကို လူလိမ္မာသူတော်ကောင်းတို့ အမြဲမပြတ် သတိထား ရှောင်ကြဉ်အပ်ပေသည်။

ဓမ္မပဒတွင် ကာဠီဘီလူးမကို အကြောင်းပြု၍ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည်မှာ **"ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းဖြင့် ဘယ်သောအခါမျှ မငြိမ်းကုန်၊ ရန်မတုံ့မူခြင်းဖြင့်သာ ငြိမ်းကုန်၏၊ ဤသဘောသည် ရှေးရိုးစဉ်လာတရားပင်တည်း"** ဟူ၍ ဂါထာဖြင့် ဆုံးမဟောကြားတော်မူခဲ့ပါသည်။ သို့ဖြစ်၍ ရန်ငြိုးဖြစ်သော ဒေါသကို ထိန်းကြရပေမည်။

**ဓမ္မပဒ-၂၂၂ (သာသနာရေး)**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E & P Myanmarသည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ်(A.1)နှင့် (A.3)တို့တွင် ရေနံအစမ်းတွင်းများ တူးဖော်လျက်ရှိပြီး လုပ်ကွက်အမှတ်(A.1)တွင် Processing Facilitiesများ တည်ဆောက်သည့်အခါ အထောက်အကူပြု အချက်အလက်များဖြစ်သည့် ရေအောက်အပူချိန်၊ ပင်လယ်ရေလှိုင်းအမြန်နှုန်းနှင့် အမြင့်တို့အား သိရှိနိုင်ရန်အတွက် ပင်လယ်ရေအောက်ကြမ်းပြင်တွင် တိုင်းတာရေးကိရိယာများကို ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ တစ်နှစ်ပတ်လုံး ထားရှိတိုင်းတာသွားမည်ဖြစ်သည်။

တိုင်းတာရေးကိရိယာများထားရှိ တိုင်းတာမည့်ဧရိယာ တည်နေရာများမှာ Point S1မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၁၄မိနစ် ၅၆စက္ကန့် အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၅၈မိနစ် ၄၂စက္ကန့်၊ Point S2 မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၁၀မိနစ် ၃၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၂ဒီဂရီ ၅၅မိနစ် ၃၆စက္ကန့်၊ Point S3 မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၀၆မိနစ် ၁၉စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၅၄မိနစ် ၃၂စက္ကန့်၊ Point S4မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၀၁မိနစ် ၁၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၂ဒီဂရီ ၅၀မိနစ် ၁၉စက္ကန့်၊ Point S5မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၅၁မိနစ် ၁၆စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၂ဒီဂရီ ၄၁မိနစ် ၅၃စက္ကန့်၊ Point M1 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၃မိနစ် ၀၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၃၈မိနစ် ၁၇စက္ကန့်၊ Point M2 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၆မိနစ် ၅၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၃ဒီဂရီ ၃၄မိနစ် ၅၀စက္ကန့်၊ Point M3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၀၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၃၀မိနစ် ၄၅စက္ကန့်၊ Point M4 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၀မိနစ် ၀၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၃ဒီဂရီ ၁၇မိနစ် ၃၄စက္ကန့်၊ Point M5 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၅မိနစ် ၃၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၂ဒီဂရီ ၅၆မိနစ် ၂၁စက္ကန့်၊ Point Met 1 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၂မိနစ် ၁၆စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၃ဒီဂရီ ၄၀မိနစ် ၃၄စက္ကန့်၊ Point J 1 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၂မိနစ် ၂၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၃ဒီဂရီ၄၀မိနစ်၄၇စက္ကန့်တို့အထိ (လုပ်ကွက်အမှတ် (A.1)ရှိ ရွှေ/ရွှေဖြူ ဧရိယာမှ ပုဏ္ဏားကျွန်း-စစ်တွေအထိနှင့် ရွှေ/ရွှေဖြူ ဧရိယာမှ မဒဲကျွန်း-ကျောက်ဖြူအထိ)ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် (A.1)တွင် ပင်လယ်ရေအောက်ကြမ်းပြင်၌ တိုင်းတာရေး ကိရိယာများ ချထားစဉ်ကာလအတွင်း တိုင်းတာရေးပစ္စည်းများ ပျက်စီးမှုမှ ကာကွယ်နိုင်ရန်အတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာအတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

## ဖေဖော်ဝါရီလ၏ မိုးရေချိန်စံချိန်သစ်များထုတ်ပြန်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့ မြန်မာစံတော်ချိန် ၀၉း၃၀ နာရီအချိန်တွင် အောက်ဖော်ပြပါစခန်းများ၌ ဖေဖော်ဝါရီလ၏ ၂၄နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့သည်-

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စံချိန်ကျိုးသည့် နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ဟုမ္မလင်း | ၃၇ | ၁.၄၅ | ၂၅ | ၀.၉၈ | ၁၉-၂-၁၉၉၃ | ၄၂ |
| ၂။ | မော်လိုက် | ၃၂ | ၁.၂၆ | ၂၁ | ၀.၈၃ | ၇-၂-၁၉၇၆ | ၄၂ |

**နှစ်ဖက်မိဘများကို ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် နွယ်သာကီလမ်းနေ ဦးမြစန်း–ဒေါ်ခင်အေးကြူ၊ သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ✻ ရွှေဖုံးမှ

တိုင်းအဆင့် တာဝန်ရှိပုဂ္ဂိုလ်များက စစ်ကိုင်းမြို့ အိုးကြီးအဝိုင်းမှ ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အိုးကြီးအဝိုင်း တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အိုးကြီးလမ်းဆုံအဝိုင်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်သွားကြရေး မှာကြားသည်။

အဆိုပါ ဧရာဝတီတံတား(ရတနာပုံ) ချဉ်းကပ်လမ်းပိုင်းပေါ်၌ အိုးကြီးလမ်းဆုံအဝိုင်းကို တည်ဆောက်လျက်ရှိရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းဘက်မှ ဧရာဝတီတံတား(ရတနာပုံ) ချဉ်းကပ်မြေသားလမ်း ခင်းထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဧရာဝတီတံတား(ရတနာပုံ) စစ်ကိုင်းဘက်ကမ်းချဉ်းကပ်လမ်း တည်ဆောက်ရေးလုပ်ငန်းတွင် မြေသားတာပေါင်လုပ်ငန်း ၉၆ ဒသမ ၇၆ရာခိုင်နှုန်း၊ လမ်းဘေးကွန်ကရစ် ရေမြောင်းတည်ဆောက်ရေးလုပ်ငန်း ၂၁ဒသမ ၈၂ ရာခိုင်နှုန်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်း ၃၈ ဒသမ ၈၃ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီး ချဉ်းကပ်လမ်းလုပ်ငန်းတစ်ခုလုံးအနေဖြင့် ၆၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ) ပင်မတံတား ကြမ်းခင်းသံပေါင်များ၊ ချိတ်ဆက်နေရာများ Expansion Joint လုပ်ငန်းများကိုလည်းကောင်း၊ တံတားကြီးတွင် ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စနစ်တကျ ဂရုပြုဆောင်ရွက်ရေး၊ သံပေါင်များ ဆေးသုတ်ခြင်းလုပ်ငန်း၊ တံတားပေါ် မီးအလင်းရောင်ရရှိစေရန် လျှပ်စစ်မီးသွယ်တန်းထွန်းညှိရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး–စစ်ကိုင်းကားလမ်းနှင့် ဧရာဝတီတံတား(ရတနာပုံ)မန္တလေးဘက်ကမ်း ချဉ်းကပ်လမ်းဆုံရှိ လမ်းဆုံအဝိုင်းတည်ဆောက်နေမှုနှင့် ချဉ်းကပ်လမ်းအား ကတ္တရာခင်းကျင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လမ်းဆုံအဝိုင်းတွင် ပန်းအလှပင်များ စိုက်ပျိုးရေး၊ တံတားသစ်ကြီးနှင့်အတူ ချဉ်းကပ်လမ်း လမ်းဘေး ဝဲ/ယာတို့၌ ပန်းရနိုင်မည့် ပန်းအလှပင်များနှင့် အရိပ်ရပင်များ စိုက်ပျိုးသွားကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ) ရှင်းလင်းဆောင်ရှုရပ်မှနေ၍ တံတားကြီးတစ်ခုလုံး ပြီးစီးမှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်း ရှင်းလင်းဆောင်၌ ဧရာဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်းတာဝန်ခံ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က မန္တလေးဘက်ကမ်း၏ ချဉ်းကပ်တံတားအပေါ်ထည်လုပ်ငန်း ၈၉ရာခိုင်နှုန်းပြီးစီးမှု၊ ပင်မတံတားအပေါ်ထည်ပြီးစီးမှု၊ ချဉ်ကပ်တံတားအဆင်းပေ ၃၃၀၀ ကတ္တရာခင်းကျင်းပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် စီမံဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဧရာဝတီတံတား(ရတနာပုံ) စစ်ကိုင်းဘက်ကမ်း တာဝန်ခံ အင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက စစ်ကိုင်းဘက်ခြမ်းအပိုင်း၏ ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ယခုအခါ ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း အနေဖြင့် ပင်မတံတားတည်ဆောက်မှု ၉၄ရာခိုင်နှုန်းပြီးစီးနေပြီး ပင်မတံတားကြီးနှင့် မန္တလေးဘက်ကမ်း ချဉ်းကပ်လမ်း၊ စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်လမ်းတို့ အပါအဝင် တံတားတည်ဆောက်ရေးစီမံကိန်းတစ်ခုလုံး၏ပြီးစီးမှုမှာ ၇၈ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မန္တလေးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

## ❒ ကာကွယ်ရေးဝန်ကြီးဌာနမှ

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အီလက်ထရောနစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်း လီမိတက် ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့်အသင်းများမှ တာဝန်ရှိသူများ၊ အစုရှယ်ယာဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အီလက်ထရောနစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က အဖွင့်အမှာစကား ပြောကြားရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍများသည် နိုင်ငံ့စီးပွားရေး၊ လူမှုရေးနှင့် အခြားကဏ္ဍများ တိုးတက်ဖွံ့ဖြိုးရေးအတွက် တွန်းအားပေးမောင်းနှင်သည့် အရာဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုနှင့်တစ်ခုကြား နိုင်ငံတစ်ခုအတွင်းမှာပင် လူတန်းစားအလွှာတစ်ခုနှင့်တစ်ခုအကြား သတင်းအချက်လက်တွေကို ရယူနိုင်စွမ်းပေါ် မူတည်ပြီး ဒစ်ဂျစ်တယ်ကွာဟချက် Digital Device ကို ဖြစ်ပေါ်စေကြောင်း၊ Digital Device သည် လူမှုစီးပွားကွာဟမှုကို ဖြစ်ပေါ်စေမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေနဲ့ ဒီကွာဟချက်တွေကို နည်းနိုင်သမျှနည်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို Myanmar Info-Tech ကဲ့သို့ တိုင်းရင်းသား ICT လုပ်ငန်းရှင်များ စုပေါင်းပါဝင်သည့် အဖွဲ့အစည်းအနေဖြင့် Globalization ခေတ်တွင် ICT ကို စီးပွားရေး၊ ပညာရေး၊ လူ့အဖွဲ့အစည်း အလွှာအသီးသီးမှ အသုံးချနိုင်စေရန် ကဏ္ဍတစ်ခု ဖွင့်လှစ်ပြီးဆောင်ရွက်နေကြောင်း။

ICT လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးရန်အတွက် နိုင်ငံတစ်ဝန်းတွင် ကွန်ပျူတာတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပြီး လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ ယခု ၂၀၀၇ ခုနှစ်တွင် ကွန်ပျူတာကောလိပ်များကိုတက္ကသိုလ်အဆင့်ထိပင် တိုးမြှင့်ခဲ့ပြီးဖြစ်ကြောင်း၊ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများကလည်း ICT သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနေသည်ကိုလည်း တွေ့ရကြောင်း၊ ယခုအချိန်မှာ နိုင်ငံများဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံရဲ့ National Resource ပေါ်မှီရာက Human Resource ကိုမှီတဲ့ဘက် ကူးပြောင်းနေကြတယ်ဆိုတာ အားလုံးအသိပဲဖြစ်ကြောင်း၊ သဘာဝအရင်းအမြစ်များမှ ရရှိနိုင်သည့် အကျိုးအမြတ်များမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ်ကို တည်မှီပြီး အကျိုးအမြတ်များစွာရရှိနိုင်သည့်အဆင့်သို့ ကူးပြောင်းမှသာ နိုင်ငံတော်အတွက် မြင့်မားသော အောင်မြင်မှုများ ရရှိနိုင်မှာဖြစ်ကြောင်း၊ ICT လူငယ်မျိုးဆက်သစ်များ အဆက်ပြတ်မသွားစေရန် လွန်စွာအရေးကြီးကြောင်း၊ မျိုးဆက်သစ်များ အဆက်မပြတ်ပေါ်ပေါက်လာစေရန် ဆိုသည်မှာလည်း Myanmar Info-Tech ကဲ့သို့သော ICT ဆိုင်ရာ အသိုင်းအဝန်းများ တည်ရှိနေမှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူပြီး ICT ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်တဲ့ ICT Park များကို ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီအားပေးမှုနှင့် ကွန်ပျူတာပညာရှင်များ လုပ်ငန်းရှင်များရဲ့ အပတ်တကုတ် ကြိုးစည်ကြိုးပမ်းမှုများဖြင့် တည်ထောင်ပြီး အကောင်အထည်ဖော်ခဲ့တာ ဖြစ်ကြောင်း၊ ICT Park များကို ရန်ကုန်မြို့နဲ့ မန္တလေးမြို့များမှာသာ တည်ထောင်ခဲ့တာကနေ ယခုဆိုရင် ပြင်ဦးလွင်မြို့နားမှာ ရတနာပုံမြို့သစ်စီမံကိန်းကို စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်ကြောင်း။

ရတနာပုံမြို့သစ် စီမံကိန်းသည် ဧကပေါင်း သောင်းချီကျယ်ဝန်းသည့် IT အခြေခံမြို့တစ်မြို့အဖြစ် စနစ်တကျ တည်ဆောက်သွားမည့် စီမံကိန်းဖြစ်ကြောင်း၊ ယခုဆိုရင် Teleport အဆောက်အအုံနှင့် Incubation အဆောက်အအုံတို့ကို တည်ဆောက်နေပြီဖြစ်ကြောင်း။

Myanmar Info-Tech အနေနဲ့ ပထမဦးဆုံး ICT Park မှာ တည်ထောင်နိုင်ပြီး ယခုဆိုလျှင် ICT ကုမ္ပဏီတစ်ခုချင်း အကောင်အထည်ဖော်ရန် ခက်ခဲသည့် နိုင်ငံအဆင့် National Level Project များ စတင် အကောင်အထည်ဖော်နေပြီကို တွေ့ရကြောင်း၊ အထူးအရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ယနေ့ နိုင်ငံတော်က ICT ကဏ္ဍကို အာရုံစိုက်ပြီး သိပ္ပံနှင့်နည်းပညာတက္ကသိုလ်များနှင့် လူ့စွမ်းအား အရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနေသကဲ့သို့ နိုင်ငံအနှံ့ မြန်နှုန်းမြင့်ဆက်ကြောင်းများ အသစ်ဆောက်ပေးနေကြောင်း၊ ရန်ကုန်၊ မန္တလေး ICT Park များကို ထူထောင်ပေးခဲ့သကဲ့သို့ ယခုအခါ ICT မြို့ကိုပါ တည်ထောင်နေပြီဖြစ်ကြောင်း၊ ပြည်သူအတွင်း၌လည်း E Gov: မှ E Citigen ကို မျှော်မှန်း လုပ်ဆောင်လျက်ရှိနေကြောင်း။

မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာကော်ပိုရေးရှင်းလီမိတက်မှ ပညာရှင်များကလည်း e-Procurement, IDIS, RDIS, Data Center နဲ့ Public Access Centre အစရှိတဲ့ လုပ်ငန်းတွေ လုပ်ဆောင်နေတာတွေသည် ICT ဖွံ့ဖြိုးရေးအတွက်သာမက မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍများတွင် အကျိုးရှိစွာ အသုံးချနိုင်မည့် လုပ်ငန်းရပ်တွေဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လည်း တိုက်တွန်းလိုပါကြောင်း။

မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာကော်ပိုရေးရှင်း လီမိတက်သည် နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ICT နည်းပညာများဖြင့် အထောက်အကူပြုနိုင်ရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး သတင်းအချက်အလက်စနစ် Rural Development Information System (RDIS) ကို တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေခြင်းသည်လည်း နိုင်ငံတော်အတွက် အထူးအရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

**အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သီတာလမ်းနေ ဗိုလ်မှူးလေးတင်(ငြိမ်း)–ဆရာမ ဒေါ်ခင်ကြည်(အထပြ)(ငြိမ်း)နှင့် သားသမီးမြေးတစ်စုတို့က အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

Myanmar Info-Tech အနေဖြင့် IT အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး (Human Resource Development) အတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ပူးပေါင်းပြီး Myanmar Info-Tech အတွင်းရှိ Myanmar-Japan e-Learning Center တွင် IT သင်တန်းပို့ချခြင်း၊ ပြည်ပသို့ သင်တန်းများစေလွှတ်ခြင်း၊ ပြည်တွင်း IT ပြိုင်ပွဲများမှ ထူးချွန်သူများကို ပြည်ပသို့ စေလွှတ်ယှဉ်ပြိုင်စေခြင်း၊ အများပြည်သူများကြား IT နည်းပညာများကို ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် IT Exhibition များ ပြုလုပ်ပေးခြင်း၊ နယ်လှည့်သရုပ်ပြရှင်းလင်းခြင်း၊ (IT Caravan)နှင့် လူငယ်ပညာရှင်များအား သက်သာသောနှုန်းဖြင့် (IT Facility) ဆောင်ရွက်ပေးတဲ့ Incubation Center စသည့် လုပ်ငန်းများကို ပြီးခဲ့သည့် (၅)နှစ်အတွင်းတွင် ထူးခြားအောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ထို့အပြင် နိုင်ငံတော်တွင် ICT Industry ကို အဓိကစီးပွားရေးကဏ္ဍတစ်ခုအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန်နှင့် ရရှိလာသော အကျိုးအမြတ်များကို အများပြည်သူသို့ မျှဝေခံစားစေရန်ဆိုသည့် ရည်ရွယ်ချက်နှင့် ICT ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့သတင်း အချက်အလက်နှင့် နည်းပညာကော်ပိုရေးရှင်း လီမိတက်က Software Development, Human Resources Development, Information Services, National Level Project များ အကောင်အထည်ဖော်လာခြင်း၊ Application Service provider စသည့် လုပ်ငန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်နေသည်ကို တွေ့ရှိရကြောင်း။

အချိန်တိုအတွင်း နိုင်ငံတော်အတွက် ICT ကဏ္ဍ တိုးတက်မြင့်မားအောင် ပြုလုပ်နိုင်ခဲ့သည့်အတွက် Myanmar Info-Tech ၏ လုပ်ငန်းများအပေါ် ဦးဆောင်ပြုလုပ်ခဲ့သူများ၊ ကြိုးပမ်း အကောင်အထည်ဖော်ခဲ့ကြသည့် ပညာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အဘက်ဘက်မှ အားပေးကူညီသည့် တာဝန်ရှိသူများ၊ ထောက်ခံအားပေးခဲ့သည့် အစုရှယ်ရာရှင်များကို ကျေးဇူးအထူးတင်ရှိရမှာဖြစ်ကြောင်း မှတ်တမ်းတင် ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက် ဥက္ကဋ္ဌ ဦးသိန်းဦးက နှုတ်ခွန်းဆက်စကားနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အစည်းအဝေး ပထမပိုင်း အစီအစဉ်ကို ရပ်သိမ်းလိုက်သည်။

ထို့နောက် နံနက် ၁၀နာရီခွဲတွင် မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်း လီမိတက်၏ ပဋ္ဌမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပရာ သဘာပတိအဖြစ် မြန်မာသတင်းအချက်အလက်နည်းပညာ ကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဦးသိန်းဦးက ဆောင်ရွက်သည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို လီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ဇော်မြင့်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် အစုရှယ်ယာရှင်များ၏ ကြိုတင်ပေးပို့ထားသော မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပြီး ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ်စာရင်းများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ်စာရင်းများကို ဖတ်ကြားတင်ပြပြီး ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းများကို ဒါရိုက်တာအဖွဲ့ဝင် ဦးတင်ဝင်းအောင်က အတည်ပြုဖတ်ကြားသည်။

ထို့နောက် စာရင်းစစ်အစီရင်ခံစာကို စာရင်းစစ်အဖွဲ့က ဖတ်ကြားတင်ပြခြင်းနှင့် မှတ်တမ်းတင်ပြခြင်း၊ စာရင်းစစ်အဖွဲ့အား ဆက်လက်ခန့်ထားခြင်းနှင့် ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်ဖွဲ့စည်းခြင်းအား တင်ပြခြင်းနှင့် အတည်ပြုခြင်းများကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ယင်းနောက် သဘာပတိ မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက် ဥက္ကဋ္ဌ ဦးသိန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၌ အသုံးပြုမည့် ပစ္စည်းများ ဝယ်ယူရေးအတွက် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် China Gezhouba Water and Power (Group)Co., Ltd (CGGC) တို့ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းတွင် အသုံးပြုရန် လိုအပ်သော Electrical & Mechanical Equipment, Hydraulic Steel Structure ပစ္စည်းများဝယ်ယူရေးအတွက် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် China Gezhouba Water and Power (Group) Co., Ltd. (CGGC)တို့ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းတွင် အသုံးပြုရန်လိုအပ်သော Electrical & Mechanical Equipment, Hydraulic Steel Structureပစ္စည်းများ ဝယ်ယူရေးအတွက် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲတွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် China Gezhouba Water and Power (Group) Co., Ltd (CGGC)မှ Chief Engineer Mr. Wang Yimin တို့ လက်မှတ်ရေးထိုးကြစဉ်။**

[အမှတ်(၁)လျှပ်စစ်]

အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Gezhouba Water and Power(Group)Co., Ltd(CGGC) မှ Vice President Mr. Chen Beng Feng နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက အဖွင့်အမှာစကား ပြောကြားပြီး ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် China Gezhouba Water and Power(Group)Co., Ltd (CGGC)မှ Vice President Mr. Chen Beng Feng တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သဘောတူညီချက် ကန်ထရိုက်စာချုပ်ကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် China Gezhouba Water and Power (Group) Co., Ltd(CGGC) မှ Chief Engineer Mr. Wang Yimin တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များ အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယနေ့ လက်မှတ်ရေးထိုးသော ကန်ထရိုက်စာချုပ်မှာ ပဲခူးတိုင်း ဖြူးမြို့အနောက်ဘက် ခုနစ်မိုင်ခန့်အကွာတွင် တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်း၌ မဂ္ဂါဝပ် ၂၀ အင်အားရှိ ဓာတ်အားပေးစက်နှစ်လုံး တပ်ဆင်မည်ဖြစ်ရာ စုစုပေါင်းစက်တပ်ဆင် အင်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်မည်ဖြစ်သော ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် Electrical & Mechanical Equipment, Hydraulic Steel Structureပစ္စည်းများ ဝယ်ယူရေးအတွက် ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်း အခမ်းအနားဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်

- ❒ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ❒ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ❒ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

## မင်းကွန်းတောရဆရာတော် ရာပြည့်အကြို ပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဗဟန်းမြို့နယ် အင်းယားမြိုင်လမ်းရှိ မင်းကွန်းတောရကျောင်းတိုက် မဟာနာယကဆရာတော် ကြီး၏ သိက္ခာတော်(၇၉)ဝါ၊ သက်တော်(၉၈)နှစ်ပြည့် ရာပြည့်အကြိုပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ယင်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ မင်းကွန်း ပဋ္ဌိပတ္တိသာသနာနုဂ္ဂဟ အသင်းသူ၊ အသင်းသားများနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ သံဃာတော်အရှင်မြတ် အပါး ၁၀၀ တို့အား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၃-၂-၂၀၀၇ (စနေနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | အကြောင်းစုံလို့အကောင်းစုံ ပါသည် တရားတော် (အပိုင်း-၂) (ဓမ္မဒူတ အရှင်ဆေကိန္ဒ) |
| ၈:၁၀ | အသိပညာမြှင့်တင်ပေး သစ်သီးဝလံစိုက်ပျိုးရေး |
| ၈:၃၅ | တေးဂီတအစီအစဉ် |
| ၈:၄၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၈:၅၅ | တေးဂီတအစီအစဉ် |
| ၉:၀၀ | စာပေပညာရှင်များပူဇော်ပွဲ နှင့် မြန်မာစာဂုဏ်ထူးရှင်များ ဂုဏ်ပြုပွဲ |
| ၉:၁၅ | တေးဂီတအစီအစဉ် |
| ၉:၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၂၅ | ကလေးတို့အတွက် လက်ဆောင်(ပုံလွှားငှက်နှင့် ဖန်ခွက်အောက်ခံပြုလုပ်ပုံ) |
| ၉:၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၉:၅၀ | တီကောင်စွန့်ပစ်ဘြော်ဂဲနစ် |
| ၁၀:၁၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀:၃၅ | ဆင်ယင်ရိုးရာတို့မြန်မာ |
| ၁၁:၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၁၀ | Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ "ဖိုးကျားဆင်စခန်း" (အပိုင်း၂) |
| ၁၁:၂၀ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ကျော်ရဲအောင်၊မစုမွန်နှင်း) |
| ၁၁:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၅၀ | စိတ်ထားဖြူစင်ပါရမီရှင် |
| ၁၂:၁၀ | တေးဂီတအစီအစဉ် |
| ၁၂:၁၅ | လွယ်ကူသက်သာမြန်မာ့ ဟင်းလျာ(ခရမ်းသီးနှပ်) |
| ၁၂:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂:၄၅ | တေးဂီတအစီအစဉ် |
| ၁၂:၅၀ | ဆောင်းရာသီပဲတီစိမ်းပန်းတိုင် |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့် သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆:၀၀ | ပွဲကြိုသုံးသပ်ချက် (၁) | 5-Sports |
| ၆:၃၀ | ပွဲကြိုသုံးသပ်ချက် (၂) | 5-Sports(Live) |
| ၇:၀၀ | Liverpool-Everton | 5-Sports(Live) |
| ၉:၂၅ | Aston Villa-West Ham | 5-Sports(Live) |
| | Charlton-Chelsea | 5-Series(Live) |
| | Man:City-Reading | 5-Cartoons(Live) |
| ၁၁:၄၀ | Middlesbrough-Arsenal | 5-Series(Live) |
| ၁၂:၀၀ | Wigan-Portsmouth | 5-Sports(SDD) |

## ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၈)ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၈)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါဂျာနယ်တွင် ဒေါက်တာခင်မောင်ညို၊ မော်ကျွန်းစိုးမြင့်၊ မြင့်သိန်း(ရွှေတောင်ချည်၊ ထည်၊ ချော)၊ ဖဒိုအောင်ဆန်း၊ ခင်သန်းဖြူ၊ ကျော်ဌေး(ဘီအေစီ)၊ ခင်မောင်တင်(ဝဲလောင်)တို့၏ ဆောင်းပါးများအပြင် (၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီး အစည်းအဝေးများ အထူးသတင်း၊ မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်သည် လေးနိုင်ငံတစ်ဆင့်ခံ ကုန်သွယ်မှု အဓိက ဝင်ပေါက်ထွက်ပေါက်တံခါးဝ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ပြီး အရှိန်အဟုန်ရရှိ၊ ပြည်ပအစိုးရနှင့် စည်းကိုက်ဝါးကိုက် ပါဝင်သူ သစ္စာဖောက်များအား ဖော်ထုတ် ဖွင့်ချ၊ အီရတ်ဒုက္ခသည်များ၏ သောင်မတင် ရေမကျဘဝများ၊ ဆိုမာလီနိုင်ငံရှိ အယ်လ်ခိုင်ဒါတပ်ဖွဲ့ဝင်များကို အမေရိကန်တပ်က ပစ်မှတ်ထားတိုက်ခိုက်၊ အီရတ်သို့ အမေရိကန်မဟာမိတ်တပ်ဖွဲ့ဝင်သစ်များ ထပ်မံစေလွှတ်ရန် ဥရောပနိုင်ငံများက လက်မခံ၊ ဘန်ကီမွန်းနှင့်သမ္မတ ဘွတ်(ရှ်)တို့အတူ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေး၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားခေါင်းဆောင်များ၏ သုံးပွင့်ဆိုင်အစည်းအဝေး၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအတွက် အသုံးစရိတ် တိုးမြှင့်ပေးရေး စသည့် ပြည်တွင်း ပြည်ပသတင်းများ၊ ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြပါရှိကြောင်း သိရသည်။

ရွှေနိုင်ငံဂျာနယ်ရရှိနိုင်သော နေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန် စာအုပ်ဆိုင်၊ မနီလာစာပေ၊ (၄၆)လမ်းမောင်မူ၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များဖြစ်သည်။ စာမူများ ပေးပို့လိုပါလျှင် စာတည်းမှူးချုပ် ရွှေနိုင်ငံဂျာနယ် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ဓနုတိုင်းရင်းသားမိသားစု ငွေရတုနှစ်ပတ်လည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ဓနုတိုင်းရင်းသား မိသားစုအသင်း (ရန်ကုန်)၏ ငွေရတုနှစ်ပတ်လည်နေ့ မိတ်ဆုံအခါးရည်ကြမ်းဝိုင်းကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် မြို့မရပ်ကြားတောရလမ်းရှိ ဓနုတိုင်းရင်းသား ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဓနုတိုင်းရင်းသား မိသားစုအသင်း၊ အသင်းသူ၊ အသင်းသားများ၊ မိသားစုဝင်များ တက်ရောက်ကြရန်နှင့် ရိုးရာငါးထမင်းနယ်ဖြင့် ဧည့်ခံမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၃-၂-၂၀၀၇ (စနေနေ့ )

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်** |
| ၇:၁၅ | ၂။ | **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်** |
| ၇:၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၆။ | အတီးပြိုင်ပွဲ |
| ၈:၁၀ | ၇။ | စွန်ချောင်းရေလှောင်တမံ |
| ၈:၂၀ | ၈။ | တေးဂီတအစီအစဉ် |
| ၈:၃၀ | ၉။ | International News. |
| ၈:၄၅ | ၁၀။ | Grammar Made Easy. |
| ၉:၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | စစ်သည်တေး |
| ၁၁:၁၅ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | ၃။ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၂:၄၅ | ၄။ | ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ |
| ၁၂:၅၅ | ၅။ | **"စည်းလုံးခြင်းရဲ့အရသာ" (ကိုကိုလင်းမောင်၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)** |
| ၁:၁၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၁:၂၅ | ၇။ | **"အရုဏ်ဦး၏ပုံရိပ်များ" (ကျော်ရဲအောင်၊မေသဥ္ဇာဦး၊ သင်းသင်းယုလှိုင်) (ဒါရိုက်တာ-မောင်ဝဏ္ဏ)** |
| ၂:၂၅ | ၈။ | မအီချောင်းတံတား |
| ၂:၃၀ | ၉။ | **"သတိနဲ့ယှဉ်အသိနဲ့ပြင်" (အပိုင်း-၁) (ဝါးခယ်မရဲမောင်၊ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ရတနာခင်၊ ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)** |
| ၂:၄၅ | ၁၀။ | International News. |
| ၃:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄:၃၀ | ၃။ | **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)** |
| ၄:၄၅ | ၄။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၄:၅၅ | ၅။ | တေးဂီတအစီအစဉ် |
| ၅:၀၅ | ၆။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၅:၃၀ | ၇။ | ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင် |
| ၆:၀၀ | ၈။ | ညနေခင်းသတင်း |
| ၆:၃၀ | ၉။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၀။ | အလှရှာမယ် လှကမ္ဘာဝယ် |
| ၇:၀၅ | ၁၁။ | နယ်ချဲ့လက်သစ်၏အသုံးတော်ခံ ဘဝရောက်နေရသည့် နိဘယ်ယ်ဆု အပိုင်း(၂) |
| ၇:၁၅ | ၁၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ကြွေရင်ခုန်သံ" (အပိုင်း-၁၇)** |
| ၈:၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "လှပသောနေ့ရက်များ" (အပိုင်း-၂၁)** |
| | ၁၇။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၈။ | အစီအစဉ်ပြီး၏။ |

## ဘီးလင်းမြို့၌ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ မွန်ပြည်နယ် ဘီးလင်းမြို့၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၁ ကီလိုဝပ်၊ လှိုင်းနံပါတ် ၂၁ ဖြင့် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တီဘီရောဂါ ဆန်းစစ်သုံးသပ်အကဲဖြတ်အဖွဲ့ဝင်များ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံစဉ်။

(မိခင်/ကလေး)

# တီဘီရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် မိခင်/ ကလေးအသင်းဝင်များ လက်တွေ့ပါဝင်ဆောင်ရွက်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချီးကျူး

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအပေါ်တွင် လာရောက်ဆန်းစစ်သုံးသပ် အကဲဖြတ်လျက်ရှိသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တီဘီရောဂါ ဆန်းစစ်သုံးသပ် အကဲဖြတ်အဖွဲ့ဝင်များဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ BRAC Health Program မှ စီမံချက်အရာရှိ Dr. Akramul Islam၊ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ရောဂါနှိမ်နင်းရေးဌာန တီဘီရောဂါတာဝန်ခံ Dr. Sriprapa Nateniyom၊ မြန်မာနိုင်ငံ JICA မှ National Consultant ဒေါက်တာ အေးထွန်းနှင့် အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းမှ ဒေါက်တာ ဒေါ်သန္တာလွင်တို့သည် ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)သို့ လာရောက်၍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာ၊ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များအား တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာ၌ အကဲဖြတ်အဖွဲ့အနေဖြင့် ပြည်နယ်နှင့် တိုင်းများသို့ ကွင်းဆင်းသွားရောက် ဆန်းစစ်လေ့လာခဲ့ရာတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များသည် တီဘီရောဂါ ကာကွယ် နှိမ်နင်းရေး လုပ်ငန်းများတွင် လက်တွေ့ပါဝင် ဆောင်ရွက်မှုများအတွက် အင်အားတစ်ရပ်အဖြစ် တွေ့ရှိခဲ့ရ၍ ချီးကျူးပါကြောင်း၊ ဆက်လက်၍ ဆောင်ရွက်ပါရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ✻ ပြည်ပြေးအကြမ်းဖက်မှ

ဖောက်ခွဲရေးသမားများ စေလွှတ်နေသည့် သတင်းများ ဖော်ထုတ်ရရှိသဖြင့် ထုတ်ပြန်အသိပေးလျက်ရှိသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ABSDF အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရန်ကုန်မြို့သို့ ဖောက်ခွဲရေးသမား ခုနစ်ဦး စေလွှတ်ခဲ့ကြောင်း၊ ၎င်းတို့အတွက် ဖောက်ခွဲရေး ပစ္စည်းများကို မြဝတီမြို့ သောင်းရင်းမြစ်ကမ်း ဘုရားလေးဂိတ်နှင့် ကျောက်တန်းကားဂိတ်တို့ဘက်မှ လျှို့ဝှက်ပို့ဆောင်မည်ဖြစ်ကြောင်း၊ ဖောက်ခွဲရေးပစ္စည်းများ ပို့ဆောင်မှုကို မဲဆောက်ရှိ ABSDF ကွျဲကြီးဆိုသူက ဦးဆောင်ပြီး လေးလေးသန်း(ခေါ်)မချို၊ သန်းသန်းဝင်း (သဃ်န်းကျွန်း) နှင့် မြဝတီမြို့အတွင်းသို့ အဝင်အထွက်ရှိသူ ဝေမိုးတို့က မြို့ထဲရှိ ၎င်းတို့အမာခံ နှစ်ဦး၏ အကူအညီဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း။

ထို့နောက် ပဲခူးမြို့တစ်ဝိုက် ရောက်ရှိနေသော ABSDF အုန်းချစ်နှင့် အဆက်အသွယ်ယူပြီး (၈၈)မျိုးဆက် ကျောင်းသားအုပ်စုနှင့် ပူးပေါင်း၍ ဖောက်ခွဲဖျက်ဆီးမှုနှင့် ဆူပူအုံကြွမှုများ ဆက်စပ်ဖြစ်ပွားအောင် လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းများ ရရှိသည်။

သို့ဖြစ်၍ ဖောက်ခွဲဖျက်ဆီးမှုနှင့် ဆူပူအုံကြွမှုများ ဆက်စပ်ဖြစ်ပွားအောင် ပူးပေါင်းလုပ်ဆောင်လာမည့် ပြည်တွင်းနိုင်ငံရေးဆန့်ကျင်လှုပ်ရှားသူများနှင့် အကြမ်းဖက် အဖျက်အမှောင့်သမားများ၏ လုပ်ရပ်ကို တားဆီးတိုက်ဖျက် ချေမှုန်းနိုင်ရန်အတွက် ဆောင်ရွက်ထားရှိသော လုံခြုံရေးအစီအမံများနှင့်အညီ ပါဝင်ပူးပေါင်းကူညီကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်များရှိသည့် အခြေခံပညာကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်သော အခမ်းအနားကို ဖေဖော်ဝါရီ ၂ရက်က ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက ရန်ကုန်မြို့ နယ်နိမိတ်အတွင်း အဆင့်မြင့်ဆုရရှိသည့် အထက(၁) ဒဂုံမှ ကျန်းမာရေး တာဝန်ခံဆရာမ ဒေါ်ခင်ငြိမ်းဝေအား ဆုချီးမြှင့်စဉ်။**

(မြို့တော်/စည်ပင်)

## ဗုဒ္ဓပူဇနိယပွဲတော် ဓမ္မပူဇာတရားပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် ဆုတောင်းပြည့် ရှင်စောပုစေတီတော်မြတ်၏ (၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဓမ္မပူဇာသဘင်တွင် တရားအသိဉာဏ်များ ရင့်သန် ပွားများလာစေရန်အတွက် ဖေဖော်ဝါရီ ၄ ရက်တွင် မြင်းမူဆရာတော် အရှင်ဝံသပါလာလင်္ကာရ၊ ၅ ရက်တွင် ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသ၊ ၆ ရက်တွင် ရေစကြိုဆရာတော် အရှင်ဝါယာမိန္ဒာဘိဝံသ၊ ၇ ရက်တွင် ဓမ္မဘေရီ ဆရာတော် အရှင်ဝီရိယ တောင်စွန်း (ကလေးအထူးတရား)နှင့် ၈ ရက်တွင် ဓမ္မစေတီစာသင်တိုက် ဆရာတော် အရှင်သုခေမိတ ဆရာတော်တို့က တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

**တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးသိန်းအောင်က တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်သော်ဟိန်းမင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(က-ပ)

## တိုက်ကြီးမြို့နယ်အသင်း( ရန်ကုန် ) သက်ကြီးပူဇော်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်ဘွဲ့ထူးဂုဏ်ထူးရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် ပညာရည် ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲတွင် စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ တိုက်ကြီးမြို့နယ်အသင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပူဇော်ခံ သက်ကြီးပုဂ္ဂိုလ်များအား အသင်းသူ၊ အသင်းသားများက ပူဇော်ကန်တော့ကြပြီး နိုင်ငံတော်ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်သုံးဦးအား ဂုဏ်ပြုသည်။ ဆက်လက်၍ ၂၀၀၇-၂၀၀၉ ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးသိန်းအောင်၊ အတွင်းရေးမှူး ဦးကြင်မောင်တို့ ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။

(က-ပ)

**၂၀၀၅-၂၀၀၆ ပညာ သင် နှစ် ပညာရည် ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဒဂုံမြို့နယ် အ ထ က (၂) ကျောင်း ဦးဘလွင် ခန်းမ၌ ဇန် န ဝါ ရီ ၂၇ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ဘက်စုံထူးချွန် ပထမဆု ရရှိသော ပဥ္စမတန်း(က)မှ မောင်ခန့်ညားအား ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်း ဆုချီးမြှင့်ပေးအပ်စဉ်။**

(ပညာရေး)

## ● ကျောဖုံးမှ

မူလရည်ရွယ်ချက်မှ သွေဖည်ကာ အဆိုးမြင်ဝါဒကို လက်ကိုင်ပြုနေခြင်း၊ အမျိုးသားရေးအကျိုးစီးပွားကို ပျက်သုဉ်းစေခြင်းများ၊ တစိုက်မတ်မတ် လုပ်ဆောင်နေမှုကို တုံ့ပြန်ရန်အလို့ငှာ ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ) အဖွဲ့က ပြတ်ပြတ်သားသား အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ မန္တလေးတိုင်း မြို့ပေါ်ရပ်ကွက်ကြီးများအပါအဝင် နိုင်ငံတစ်ဝန်းတွင် ယနေ့အခါ၌ NLD ၏ရှေ့အလားအလာကျဆုံးနေသဖြင့် ဤဝံသာနု NLD ၏ သဘောထားရပ်တည်ချက်ကို ကျေနပ်ထောက်ခံသူအင်အားမှာ တစ်စထက်တစ်စ တိုးချဲ့ဖော်ဆောင်နိုင်နေပြီဖြစ်ပါသည်။

၅။ ဝံသာနု NLD သည် အမျိုးသားအကျိုးစီးပွားအတွက်ရှေးရှု၍ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်အစည်းအရုံးနှင့်မဆို လက်တွဲပူးပေါင်းသွားမည်ဖြစ်ပါသည်။ အမျိုးသားအကျိုးစီးပွား ပျက်ရာပျက်ကြောင်း ကြံရွယ်ဖော်ဆောင်နေသူများကိုလည်း ပြည်သူလူထုနှင့်အတူ ပူးပေါင်းကာကွယ်ဆန့်ကျင် တိုက်ဖျက်သွားမည် ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

**ဦးစီးအဖွဲ့**
**ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)**

# မျက်စိအထူးကုဆရာဝန်များ ဝမ်းတွင်းမြို့နယ်၌ ကွင်းဆင်း အခမဲ့ကုသ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိသမားတော်ကြီးများဖြစ်သော ပါမောက္ခ ဦးသန်းအောင်၊ ပါမောက္ခ ဒေါ်မြင့်ခိုင်၊ ပါမောက္ခ ဦးမြအောင်နှင့် ဆရာဝန် ရှစ်ဦး၊ ခွဲခန်းတာဝန်ခံ သူနာပြု ဆရာမကြီး လေးဦး၊ မျက်မှန်ကျွမ်းကျင်သူ နှစ်ဦးတို့သည် ဇန်နဝါရီ ၂၆ ရက်မှ ၂၉ရက်အထိ ဝမ်းတွင်းမြို့နယ် ဆေးရုံသို့ ကွင်းဆင်း၍ မျက်စိဝေဒနာရှင် ၁၃၀၀ ကျော်ကို မျက်စိ စမ်းသပ်ကြည့်ရှုစစ်ဆေးပြီး အတွင်းတိမ်ရောဂါကြောင့် မျက်မမြင်ဘဝ ရောက်နေသော မျက်စိဝေဒနာရှင် လူနာ ၂၁၀အား အကြီးစားခွဲစိတ်ခြင်း၊ လူနာ ၆၀အား အသေးစားခွဲစိတ်ခြင်းနှင့် လူနာ ၃၀၀ကျော်ခန့်ကို မျက်မှန်စမ်းသပ်ခြင်းများကို အခမဲ့ ဆောင်ရွက်ပေးခဲ့သည်။ ၎င်းအပြင် လူနာ ၄၀၀ ခန့်အား မျက်စိရောဂါနှင့် ပတ်သက်၍ ကျန်းမာရေး ဟောပြောမှုများ ပြုလုပ်ပေးခဲ့သည်။

အဆိုပါ မျက်စိ အခမဲ့ ခွဲစိတ်မှုကို ဝမ်းတွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်စိုးနှင့် အဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင် မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဦးဝင်းကိုရှိန်နှင့် အဖွဲ့ဝင်များ၊ ဝမ်းတွင်းမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်စန်းဌေးနှင့် ဆေးရုံဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယင်းသို့ ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အောင်မြင်ရန်အတွက် ဝမ်းတွင်းမြို့နယ်အသင်း (ရန်ကုန်)က အဓိကပံ့ပိုးကူညီ၍ သဲတော-ဝမ်းတွင်း မြို့မမြို့ဖ စေတနာရှင်များ၊ ရန်ကုန်မြို့ပေါ်ရှိ စေတနာရှင်များက ကုသိုလ်ဖြစ် လှူဒါန်းကူညီပေးခဲ့သည်။

ယင်းသို့ ကွင်းဆင်းခြင်းကို ၂၀၀၀ ပြည့်နှစ်မှ စတင်ခဲ့ကြပြီး မြို့ပေါင်း ၃၃ မြို့သို့ ၃၉ ကြိမ် ကွင်းဆင်းခဲ့ကာ ပြင်ပလူနာ ၂၁၇၆၂ ဦးကို ကြည့်ရှုပေးပြီး အတွင်းတိမ် ဝေဒနာရှင်ပေါင်း ၄၆၀၅ ဦးကို အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

**ရန်ကုန်မြို့ မျက်စိအထူးကု ဆေးရုံကြီးမှ သမားတော်ကြီးများက မျက်စိဝေဒနာရှင် တစ်ဦးအား ခွဲစိတ်ကုသပေးနေစဉ်။**

**ခွဲစိတ် ကုသပြီးသည့် မျက်စိဝေဒနာရှင်များအား တွေ့ရစဉ်။**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၃-၂-၂၀၀၇ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၁။ ဆရာတော်ဦးဃောသိတတရားတော် - **ဘန္တေကရတ္တသုတ်**
၉း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၉း၁၆ ၁၃။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း "ဒဏ္ဍာရီ" သရုပ်ဆောင်-ဇင်ဝိုင်း၊ မေသန်းနု ဒါရိုက်တာ-မောင်တင်ဦး**
၁း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၄း၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ နိုင်ငံတကာသတင်း
၆း၂၀ ၈။ မိုးလေဝသသတင်း
၆း၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀ ၁၁။ အံ့သြဖွယ်ရာဆက်ကပ်ပညာ
၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း-၄)**
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ **ENGLISH PREMIER LEAGUE ဘောလုံးပွဲ -Charlton Vs Chelsea (Live)**
၁၇။ သင့်အတွက်မနက်ဖြန်
၁၈။ အပိတ်နှုတ်ဆက်စကား
၁၉။ ပြီးပါပြီ။

## အင်တာနက် အားကစားသတင်း

# အတော်ဆုံး ဘောလုံးသမားအဖြစ် ဝိန်းရူနီကို လာဆင် ချီးကျူး

**မန်ချက်စတာ ယူနိုက်တက်အသင်း မှ ဟန်းရစ်လာဆင်**(ယာ) **နှင့် အသင်းဖော် ဝိန်းရူနီ။**
(ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဖေဖော်ဝါရီ ၂**

မိမိနှင့်အတူ ယှဉ်တွဲကစားခဲ့ဖူး သမျှ ဘောလုံးသမားများအနက် ဝိန်းရူနီသည် အတော်ဆုံး ဘောလုံးသမားပင်ဖြစ်ကြောင်း ဟင်းနရစ်လာဆင်က ယနေ့ ချီးကျူးလိုက်သည်။

လာဆင်နှင့် ဝိန်းရူနီတို့သည် မန်ချက်စတာ ယူနိုက်တက်အသင်း၏ အသင်းဖော်များဖြစ်ကြသည်။ ဆွီဒင်လူမျိုး ဝါရင့်တိုက်စစ်မှူး လာဆင်သည် လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဘာစီလိုနာအသင်းတွင် ပါဝင်ကစားခဲ့သည်။ လာဆင်သည်ယင်းနောက်တွင် ဆွီဒင်နိုင်ငံ အခြေစိုက် ဟစ်ဆင်ဘော့ ဘောလုံးအသင်းမှ အငှားချ စာချုပ်အရ မန်ချက်စတာ ယူနိုက်တက်အသင်းတွင် ပါဝင်ကစားလျက်ရှိသည်။

လာဆင်သည် ယခုအခါ အသက် (၃၅)နှစ် ရှိပြီဖြစ်ပြီး အင်္ဂလိပ် ဘောလုံးသမား ရူနီမှာမူ အသက် (၂၂)နှစ်မျှသာ ရှိသေးသည်။

မိမိနှင့် ရူနီတို့ ဘောလုံးကစားတိုင်း အခွင့်အလမ်းကောင်းများ ရလေ့ရှိကြောင်း၊ အမြဲတစေ ၎င်း ဂိုးသွင်းနိုင်ကြောင်း လာဆင်က ပြောကြားသည်။

**အင်တာနက်။**

# မိုက်ကယ်ဘောလက် မရှိတော့သည့် ဘေယန်မြူးနစ်အသင်း ရုန်းကန်နေရ

**ချယ်လ်ဆီးအသင်းမှ မိုက်ကယ်ဘောလက်**(ယာ)**။**
(ဓာတ်ပုံ-အင်တာနက်)

**မြူးနစ် ဖေဖော်ဝါရီ ၂**

မိမိတို့၏အသင်းမှ မိုက်ကယ်ဘောလက် ထွက်သွားခြင်းကြောင့် အသင်း၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် လူးလွန့်ရုန်းကန်နေရကြောင်း ဘေယန်မြူးနစ် အသင်း၏ဥက္ကဋ္ဌ ဖရန့်စ်ဘက်ကင်ဘောင်ဝါက ယနေ့ ပြောကြားသည်။

ဂျာမန်လူမျိုး ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်သည် ယခုအခါ အင်္ဂလန် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်း၌ ပါဝင်ကစားလျက်ရှိသည်။ ဘောလက်သည် ဂျာမန်လက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင်လည်းဖြစ်သည်။

ဘေယန်မြူးနစ်အသင်းသည် ဘွန်တက်စ်လီဂါ ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ရရှိနိုင်သည်ဟု ယင်းအသင်း၏နည်းပြသစ် အော်တမာဟစ်ဇဖဲလ်က မျှော်လင့်နေသည်။

အသက် (၃၀)အရွယ်ရှိ ထိပ်တန်းဘောလုံးသမား မိုက်ကယ် ဘောလက်ကို ဆုံးရှုံးရမှုနှင့်အတူ မိမိ၏အသင်းသည် မည်သည့်အမှားကို ကျူးလွန်ခဲ့သနည်းဟု မိမိတွေးတောမိကြောင်း ဘက်ကင်ဘောင်ဝါက ပြောကြားသည်။

**အင်တာနက်။**

# တိုက်စစ်မှူး မိုက်ကယ်အိုဝင် ဘောလုံးကွင်းသို့ ပြန်မလာနိုင်

**လန်ဒန် ဖေဖော်ဝါရီ ၂**

နယူးကာဆယ် တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် လက်ရှိဘောလုံးရာသီတွင် ဆက်လက် ဘောလုံးကစားနိုင်ဖွယ်မရှိတော့ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အိုဝင်သည် လွန်ခဲ့သည့် နွေရာသီမှစ၍ ဘောလုံးကစားနိုင်ခြင်း မရှိခဲ့ပေ။ ၎င်းသည် ဂျာမနီနိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကာလအတွင်း ဒူးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် ဆေးဝါးကုသမှု ခံယူခဲ့ရသည်။

အသက် (၂၇)နှစ် အရွယ်ရှိ မိုက်ကယ်အိုဝင်၏ ပြန်လည် နာလန်ထူမှု အခြေအနေမှာ နှေးကွေးနေကြောင်း၊ လာမည့် ဘောလုံးရာသီတွင်မှ ဘောလုံးကစားနိုင်ဖွယ်ရှိကြောင်း၊ ၎င်းအနေဖြင့်မူ ဘောလုံးပြန်လည်ကစားနိုင်ရန်သာ မျှော်လင့်နေကြောင်း သတင်းများတွင် ဖော်ပြသည်။

**အင်တာနက်။**

# တိုက်စစ်မှူး ဖာနန်ဒို တောရက်စ် စပိန်လက်ရွေးစင်အသင်းသို့ ပြန်လာ

**မဒရစ် ဖေဖော်ဝါရီ ၂**

အတ်တလက်တီကို မဒရစ်အသင်း၏ တိုက်စစ်မှူး ဖာနန်ဒို တောရက်စ် **(ယာပုံ)**သည် လာမည့် ဗုဒ္ဓဟူးနေ့တွင် မန်ချက်စတာမြို့၌ ကျင်းပမည့် ချစ်ကြည်ရေးခြေစမ်းပွဲ၌ ပါဝင်ကစားရန် စပိန်လက်ရွေးစင်အသင်းသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။ အသက် (၂၃)နှစ် အရွယ်ရှိ ဖာနန်ဒို တောရက်စ်သည် စပိန်လက်ရွေးစင်အသင်း၏ ဘောလုံးသမားတစ်ဦးဖြစ်သည်သာမက အတ်တလက်တီကို မဒရစ်အသင်း၏ အသင်းခေါင်းဆောင်လည်းဖြစ်သည်။ တောရက်စ်သည် အတ်တလက်တီကိုအသင်းတွင် အသက်အငယ်ဆုံး ဘောလုံးသမားဖြစ်ပြီး အသက်အငယ်ဆုံး အသင်းခေါင်းဆောင်လည်းဖြစ်သည်။ **အင်တာနက်။**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၆၄)လမ်း၊ အမှတ်(၄၄)နေ
ဦးညွန့်သောင်း–ဒေါ်မြင့်မြင့်ဦးတို့၏ သား
**မောင်ကျော်ဇောလင်း** B.Sc (Mathematics)
CAD Designer (Omega Integration and Innovation Pte Ltd., Singapore)
နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ဉာဏလမ်း၊ အမှတ်(၁၇)နေ
ဒေါ်တင်တင်၊ (ဦးတင်မောင်ဝင်း)–ဒေါ်ကြူကြူ(စာရေးဆရာမ–ခင်လှိုင်ကြူ)တို့၏သမီး
**မခိုင်ဝတ်မှုန်** B.E (Electrical Power)
M.Sc (Computer Control & Automation) NTU, Singapore
Electronic Engineer (Creative Technology Ltd., Singapore)
တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၁–၂–၂၀၀၇ ရက်တွင် ရန်ကုန်မြို့ ရွှေနေချုပ်ရုံး၌ လက်ထပ်ပြီးစီးပါကြောင်း။
**မောင်ကျော်ဇောလင်း–မခိုင်ဝတ်မှုန်**

## ထားဝယ်အသင်း
## နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ထားဝယ်မြို့နယ်အသင်း (ရန်ကုန်)၏ အကြိမ်(၈၀)မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် အသက် (၇၅)နှစ်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲ၊ ၂၀၀၆ ခုနှစ်အတွင်း Ph. Dနှင့် အလားတူ ပါရဂူဘွဲ့ရ ထားဝယ်သူ၊ သားများအား ဂုဏ်ပြုပွဲနှင့် ၂၀၀၆ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်များ၏ သားသမီးများအား ဆုချီးမြှင့်ရန်ရှိပါသည်။ အသင်းဝင်များနှင့် လှူဒါန်းလိုသူများသည် အသင်းတိုက် (၈၂၈) မဟာဗန္ဓုလလမ်း လမ်းမတော်မြို့နယ် ဖုန်း–၂၂၂၂၁၉ သို့ ဆက်သွယ်ကြရန် အမှုဆောင်အဖွဲ့က နိုးဆော်ထားသည်။

## ချောင်လေဝေးဝေး မူးယစ်ဆေး

## သတ္တုတွင်းဝန်ကြီးဌာန
## အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
## (ချိပ်ပိတ်တင်ဒါများ ခေါ်ယူခြင်း)

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ အောက်ပါပစ္စည်းကို နိုင်ငံခြားငွေ (Euro, Singapore Dollar, Japanese yen) ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ချိပ်ပိတ်တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ချိပ်ပိတ်တင်ဒါ ပိတ်ရက်နှင့်အချိန် |
|---|---|---|---|---|
| ၁။ | 1. Q-77/3ME/06/07 | Boiler Tubes & Ball Valves | (7)Items | (၅–၃–၂၀၀၇) နေ့ မွန်းတည့် (၁၂:၀၀)နာရီ |

၂။ **တင်ဒါပေးသွင်းရမည့်နေရာ** — **ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ရုံးအမှတ်(၁၉) နေပြည်တော်**

၃။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနခွဲတွင် (၆–၂–၂၀၀၇)ရက်မှစ၍ ရုံးချိန်အတွင်းရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်–၀၆၇–၄၀၉၃၉၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနခွဲ**
**အမှတ်(၃)သတ္တုတွင်းလုပ်ငန်း**
**သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်**

ရုပ်သံအကြည်လင်ဆုံး...

NIBBAN®
MRTV-4 ANTENNA
MRTV-4 အစီအစဉ်များကို အခမဲ့ ဖမ်းယူကြည့်ရှုနိုင်မည့် UHF Antenna
အမျိုးအစားသစ်တစ်မျိုးကို NIBBAN မှ ထပ်မံထုတ်လုပ်လိုက်ပါပြီ။ NIBBAN
NIBBAN အမှတ်တံဆိပ်ကို အထူးဂရုပြု ဝယ်ယူအားပေးကြပါ။
A Quality Product of ... ရန်ကုန်မြို့နှင့်အနီးတဝိုက်အတွက်သာ
NIBBAN ELECTRIC & ELECTRONICS
ISO 9001:2000

DIRECTED BY YE MYINT THU
CHO KYI THA 201331, 292093
BIG BAG
THE BIG SHOW IN BAG
ARRANGED BY ICE MAN
THEIR FIRST EVER LIVE VCD & DVD
3-2-07 (SAT) IN STORES NOW
3-2-07(SAT) နေ့လယ် ၃:၀၀ မှ ၅:၀၀ ထိ DAGON CENTER ဒုတိယထပ်၊ ရန်ကုန်။
3-2-07(SAT) ညနေ ၅:၃၀ မှ ၆:၃၀ ထိ YANKIN CENTER ရန်ကုန်။
4-2-07(SUN) နေ့လယ် ၁:၀၀ မှ ၄:၀၀ ထိ SKYWALK မန္တလေး။
5-2-07 (MON) နံနက် ၉:၃၀ မှ ၁၂:၀၀ ထိ အင်းဝ ဗီဒီယိုပြန်ချိရေး၊ သုခလမ်း၊ လားရှိုးမြို့။
BIG BAG နှင့် ချစ်သောလူငယ်ပရိသတ်များ တွေ့ဆုံရန် စီစဉ်ထားပါသည်။


## နိကာယ်သင်တန်းပို့ချမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများ ကျမ်းပြု အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) အရှင်မြတ်က နယုန်လတွင် နှစ်စဉ်ကျင်းပလျက်ရှိသော အစိုးရ နိကာယ်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ လွယ်လင့်တကူ ဖြေဆိုနိုင်စေရန်ရည်သန်၍ ခုဒ္ဒကနိကာယ်ဝိနယ ပိဋကတ်လာ ဝိနည်း ငါးကျမ်း ပါဠိတော်များကို ပို့ချမည်ဖြစ်ရာ သင်တန်း တက်ရောက်လိုသူများသည် ဆရာတော် ဖုန်း– (၀၉)၅၁၃၉၃၀၇၊ (၀၁)၃၈၃၄၂၇ နှင့် အောင်သိဒ္ဓိကျောင်း ဖုန်း–(၀၁)၃၈၀၈၇၅ တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် စိတ်ဝင်စားသူမည်သူမဆို တက်ရောက်ကြရန် နိုးဆော်ထားကြောင်း သိရသည်။ (က–ပ)


## 'ရွှေ'ပညာသင်တန်း

HTA Hteik Tan Aung

၁။ ရွှေဆိုင်ဖွင့်လိုသူများအတွက် အထူးသင်တန်းဖြစ်သည်။ (၁)လသင်တန်း
၂။ သင်ကြားမည့် ဘာသာရပ်များ။ (၇–၂–၀၇) နေ့ စမည်။
◆ရွှေ အတု အစစ် ခွဲနည်း ◆အပေါင်ခံနည်း ◆Marketing
◆ရွှေမှတ်ကျောက်ရည်ခွဲနည်း ◆ရွှေထည်ကျောက်ထည်ရောင်းနည်း/ ◆ဝယ်နည်း။
◆ကွန်ပျူတာ ရွှေရည်တိုင်းစက်ဖြင့် ရွှေရည်စစ်နည်း ◆ရွှေရည်စပ်နည်း။
◆ရွှေအခေါက်အဖြစ် သန့်စင်နည်း (သို့) ရွှေချွတ်နည်း ◆ရွှေစစ်ဆေးနည်း။
◆လက်ဝတ်ရတနာ ဈေးနှုန်း တွက်ချက်နည်း ◆အော်ဒါထည် လက်ခံနည်း။
◆ပလက်တီနမ်အတုအစစ်ခွဲနည်း◆ရွှေဒင်္ဂါးအတုအစစ်ခွဲနည်း ◆ပန်းထိမ်အပ်နည်း။
◆ဒစ်ဂျစ်တယ်ချိန်စက်အမျိုးမျိုးဖြင့် ရွှေ စိန်၊ ကျောက်ချိန်နည်း။
၃။ ရွှေဆိုင်ဖွင့်နိုင်အောင် ကူညီပေးပါမည်။
၄။ နောက်ဆုံးပေါ် ဒီဇိုင်းမျိုးစုံ ပန်းထိမ်နှုန်းထားအတိုင်း ပြုလုပ်ပေးပါသည်။
ထိပ်တန်းအောင် ရတနာရွှေဆိုင် — အမှတ်(၁၀)(မျက်နှာစာတန်း)ကျောက်မြောင်းဈေးကြို့ကြာဆံလမ်း။ တာမွေ။ Tel:546800 Ext: 310, 09-515 8813

EAGLE
color separation
၂၄ နာရီ ဝန်ဆောင်မှု
"အချိန်တိုအတွင်းမှာ ဖလင်အမြန်လိုချင်ရင် Eagle ကိုလှမ်းခဲ့ပါ"
ဂျာနယ်နှင့် မဂ္ဂဇင်းများ အထူးဈေးနှုန်း
No.180, 31th Street, Pabedan Township, Yangon, Myanmar.
Ph : 707299, 703618, 09 99 22213

Your choice ... your future

Be part of a broader educational experience that knows no national borders. With 15,000 graduates leading their fields in 80 countries, the Asian Institute of Technology has been educating men and women to become citizens of the world since 1959 through its postgraduate programs. From its own "global village," a lush campus just north of Bangkok, Thailand, AIT produces the leaders of tomorrow.

**Unique approaches**

*Internationality* – AIT has 120 faculty members and a student body of 2,000 from more than 40 countries.
*Regionality* – AIT's education may come from a global faculty, but it is geared toward and understands the needs of the Asian region.
*Employment* – AIT graduates go on to become leaders throughout Asia and the world. AIT helps its students find jobs through recruitment fairs and its international reputation for excellence.
*Partners abroad* – AIT has academic partners throughout Europe, North America and Asia, giving students the option of studying, researching and conducting fieldwork all over the world.

| Intake | Application deadline for applicants requesting AIT financial assistance |
|---|---|
| January Semester | 15 October |
| August Semester | 15 March |

**Educational opportunities**

Doctoral, master's and executive master's degrees and certificate and diploma programs are available from AIT's three schools in a wide range of fields:

**School of Engineering and Technology**
- Information and Communications Group
- Industrial System Engineering Group
- Civil and Infrastructure Engineering Group

**School of Environment, Resources and Development**
- Resource Management
- Development Studies
- Energy and Environmental Management

**School of Management**
- Management of Technology
- International Business
- International Public Management

**AIT Day Seminar**
On: 4 Feb 2007 — 11 Feb 2007
At: 10.00-12.00 hrs — 15.00-17.00 hrs
In: Summit Parkview YANGON — Mandalay Swan MANDALAY

Please Contact:
United Network Co., Ltd., Golden Palace Hotel
7th floor, 9 Shwelawin St., Sanchaung, Yangon
Tel: 09 515 7276 & 09 512 8473

AIT ASIAN INSTITUTE OF TECHNOLOGY
Website: www.ait.ac.th • E-mail: admissions@ait.ac.th

ဆေးတက္ကသိုလ်(၁) ရန်ကုန်(၁၉၈၄–၉၀) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၃ ရက်က ဗဟန်းမြို့နယ် မြေပဒေသာကျွန်း Dolphin စားသောက်ဆိုင်၌ ကျင်းပရာ အပူဇော်ခံ ဆရာ၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းများ ပေးအပ်စဉ်။ (က–ပ)


မှခင်းပညာပေးအစီအစဉ်အရ ဖော်ပြလိုက်တဲ့
**မှုခင်း**နှင့်သတင်းဂျာနယ်
**ရှုထောင့်** (၃၉) (၃-၂-၂၀၀၇)ထွက်ပြီ
- ဇနီးကို စိတ်ဆိုးပြီး သေနတ်နဲ့ပစ်သတ်မယ်လို့ပြောခဲ့တဲ့လင် ခုတော့ သေနတ်မှန်ပြီး သေရပြီပေါ့
- အရှုံးလို့ပြောလို့ ပုဆိန်နဲ့ခုတ်သတ်တဲ့ လူသတ်မှု
- လင်ဖြစ်သူကိုပုလင်းနဲ့ရိုက်ဓားနဲ့ထိုးပြီး မယားကိုဓားနဲ့ထိုးတဲ့ပြစ်မှုဖြစ်ရပ်များ
- မြို့ကြောက်အရမ်းကျင့်တဲ့ လူယုတ်မာကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချလိုက်ပြီ သတင်းနှင့်အခြားမှုခင်းသတင်းများစုံလင်စွာပါရှိမည်။

**မြင်ကွင်း** (A-4) (၅-၂-၂၀၀၇)ထွက်မည်
- လူမှာစီးဓားနဲ့ခုတ်ခဲ့တဲ့အရက်သမားလူသတ်တရားခံကိုမြစ်ဒဏ်ပေးလိုက်ပြီ
- လယ်ကွင်းပြင်မှာ ဒဏ်ရာတွေနဲ့တွေ့ရတဲ့အမျိုးသမီးအလောင်း
- အမိုက်လာပစ်သူကို အမိုက်လာရှင်းသူက ဓားနဲ့ထိုးတဲ့ဖြစ်ရပ်
- ကားငှားစဉ်ကားမှားပြီး ဓားနဲ့ထိုးသွားတဲ့ဖြစ်ရပ် စတဲ့သတင်းများနဲ့အတူ အခြားမှုခင်းသတင်းများစုံလင်စွာပါရှိပါမည်။ ဆက်သွယ်ရန်ဖုန်း– ၃၈၇၇၆၆

MIEC
SUMMER SCHOOL 2007
အတွက် ကျောင်းအပ်လက်ခံနေပါပြီ
Enroll Now!!!
MIEC, PMC GROUP LANGUAGE SCHOOL
Scholarship ပေးမည်
အရည်အချင်းစစ်စာမေးပွဲကို ၁၀–၂–၂၀၀၇ နေ့တွင် စစ်ဆေးပြီး Scholarship ပေးမည်ဖြစ်သဖြင့် ကြိုတင် စာရင်းသွင်းကြပါ။
၁၂–၀၁၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၂၅၆ ၆၀၂ – ၃၉၂ ၆၁၇

FRENZO PRODUCTION
EXCELLENT CREATION

မှားတဲ့အခါလည်း မှားပေမေ့
VCD KARAOKE
4.02.07 (Sunday) ထွက်ပြီ

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## နေပြည်တော်တွင် နေရာချထားမည့် မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများအတွက် လျှောက်လွှာခေါ်ယူခြင်း

**မြို့ကွက်သစ်**

၁။ နေပြည်တော်တွင် မြေကွက် ၄၀၀၀ စီပါရှိသော မြို့ကွက်သစ်နှစ်နေရာအား အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဖော်ထုတ်သွားပါမည်–

(က) **မြေကွက်အရွယ်အစား** ။ ပေ ၁၂၀ x ပေ ၁၂၀ မြေကွက်၊ ပေ ၁၀၀ x ပေ ၁၀၀ မြေကွက်၊ ပေ ၈၀ x ပေ ၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်။

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် ရေစီးရေလာ စနစ်များ ဆောင်ရွက်ပေးမည်။

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံအစရှိသည့် လူမှုရေးအဆောက်အအုံများ ပါဝင်မည်။

၂။ မြေကွက်လျှောက်ထားသူသည် အောက်ပါအချက်အလက်များအတိုင်း လိုက်နာရပါမည်–

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် သတ်မှတ်တန်ဖိုးကို ပေးသွင်းရမည်။

(ခ) အမှန်တကယ် နေထိုင်ရန် လိုအပ်ပါက မြေကွက် နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ် နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာ ဖြစ်သဖြင့် မည်သည့် စီးပွားရေး လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမပြုရ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ် သို့မဟုတ် နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်၊ တစ်လုံးထက်ပို၍ ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းအား ခွင့်မပြု။

(စ) ဆောက်လုပ်ပြီး အိမ်အစား အသစ်ထပ်မံဆောက်လုပ်လိုပါက လက်ရှိအိမ်အား ဖျက်သိမ်း၍ သတ်မှတ်ပေးထားသည့်အိမ်ပုံစံများအနက် နှစ်သက်ရာကို ရွေးချယ် ဆောက်လုပ်ခွင့် တင်ပြဆောင်ရွက်နိုင်ပါသည်။

(ဆ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်၊ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသော အိမ်ပုံစံကို ကော်မတီသို့ တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဇ) နေရာချထားပေးပြီး အနည်းဆုံး သုံးလအတွင်း အဆောက်အဦ စတင် ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့်လျော်ကြေးမှမပေးဘဲ ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အဦ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချ မည် ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်း ရောင်းချခွင့်ပြုမည်၊ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

**အဆင့်မြင့်ဈေး**

၃။ နေပြည်တော်တွင် ဖွင့်လှစ်မည့် Shopping Complex တွင် အောက်ပါအချက်အလက် များနှင့် ကိုက်ညီသော ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခွင့်ပြုပါမည်–

(က) စားသောက်ဆိုင်များ (မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ၊ လက်ဖက်ရည်ဆိုင်၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒံပေါက်၊ ချစ်တီးထမင်း၊ အအေးဆိုင်စသည်ဖြင့်)။

(ခ) ဆေးပစ္စည်းအရောင်းဆိုင်များ(ဆေးခန်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများမပါ)။

(ဂ) အမျိုးသား/ အမျိုးသမီးအလှပြင်ဆိုင်များ(အနှိပ်/အကြောပြင်ခန်းများမပါ)။

(ဃ) စိန်ရွှေ ရတနာဆိုင်။

(င) စာအုပ်နှင့် စာရေးကိရိယာဆိုင်။

(စ) အပ်ချုပ်ဆိုင်။

(ဆ) အဆင့်မြင့်မူလတန်းကြိုကျောင်း။

(ဇ) Electronics ပစ္စည်းအရောင်းဆိုင်များ (Services Centre တွဲလျက်)၊ (Training Centre ခွင့်မပြုပါ)။

၄။ အထက်ဖော်ပြပါ Shopping Complex အတွင်း ဆိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ x ပေ ၂၀၀ အကျယ် မြေကွက်များ ခွင့်ပြုပေးမည်။

၅။ အဆိုပါ သတ်မှတ်မြေကွက်အတွင်း ရှေ့ပိုင်း ပေ ၇၀ x ပေ၁၀၀တွင် သတ်မှတ် ပေးထားသည့် ပုံစံအတိုင်း တစ်ထပ်ဆိုင်ခန်းဆောက်လုပ်ရန်နှင့် နောက်ပိုင်း ပေ ၁၀၀ x ပေ ၁၀၀ တွင် အလုပ်သမားများ နေထိုင်ရန် စတိုများအား အများဆုံးနှစ်ထပ်အထိသာ ဆောက်လုပ်ရန် ခွင့်ပြုမည်။ ဆောက်လုပ်မည့်ပုံစံအား တင်ပြအတည်ပြုချက် ရယူဆောက်လုပ်ရမည်။

၆။ ဈေးဆိုင်ခန်း ဆောက်လုပ်ရောင်းချခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံ လွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်၊ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်း မပြုရ။

၇။ လုပ်ငန်းဆက်လက်မလုပ်နိုင်ပါက မြေနှင့်အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၈။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) လုပ်ငန်းရင်းနှီးမြှုပ်နှံနိုင်သည့် ခိုင်မာသော ငွေကြေးအင်အားရှိမှုအနေအထားကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်နှင့် သက်ဆိုင်ရာ ဘဏ်၏ အာမခံချက် (သို့မဟုတ်) မရွှေ့ပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှု အထောက်အထားနှင့်အတူ တင်ပြရမည်။

(ခ) လျှောက်ထားသူသည် လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအား အမှန် တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဂ) အဆောက်အဦဆောက်လုပ်ပြီး လုပ်ငန်းစတင်လုပ်ကိုင်သည်နှင့် မြေပိုင်ဆိုင်မှု အဖြစ် နှစ်(၃၀)မြေငှားဂရန်ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ် အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်း ရောင်းချမည်ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့် ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

**ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့်ယာဉ်ပြင်အလုပ်ရုံများ**

၉။ နေပြည်တော်တွင် ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများကို အောက်ပါလုပ်ငန်း ဆောင်ရွက်လိုသူများသည် ဝယ်ယူရန် လျှောက်ထားနိုင်ပါသည်–

(က) လက်ရှိပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူများ(အထောက်အထားပူးတွဲလျက်)။

(ခ) လက်ရှိပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းများ။

(ဂ) လက်ရှိ လုပ်ကိုင်နေသော ယာဉ်ပြင်အလုပ်ရုံများ။

၁၀။ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများတွင် လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေး၊ ကွန်ကရစ်လမ်းနှင့် ရေစီးရေလာစနစ်များအပြည့်အစုံဖြင့် ဆောက်လုပ်ပေးမည်။

၁၁။ အဆောက်အဦကို သတ်မှတ်ပေးသည့်ပုံစံအတိုင်း မိမိအစီအစဉ်ဖြင့်ဆောက်လုပ် ရမည်။

၁၂။ မြေကွက်ဖော်ထုတ်မှု ကုန်ကျစရိတ်များကို ဝယ်ယူသူများမှ ပေးချေရမည်။

၁၃။ အဆောက်အဦကို သုံးလအတွင်း ဆောက်လုပ်ရန်နှင့် လုပ်ငန်းဆက်လက် မလုပ်နိုင်ပါက မြေနှင့် အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်။ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်းမပြုရ။

**စည်းကမ်းချက်များ**

၁၅။ အထက်ဖော်ပြပါ မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများ ဝယ်ယူရန် လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဖြစ်ရပါမည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရား ဥပဒေဘောင် ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခု ဖြစ်စေ၊ အဖွဲ့အစည်းများနှင့် ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ။

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ခဲ့ဖူးသူ သော်လည်းကောင်း၊ ကျူးလွန် ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူ သော်လည်းကောင်း မဖြစ် စေရ။

၁၆။ လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် လျှောက်လွှာကို **နေပြည်တော် စည်ပင်သာယာရေး ကော်မတီရုံး သို့မဟုတ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နေပြည်တော်** သို့ ဆက်သွယ် စုံစမ်း လျှောက်ထားနိုင်ပါသည်။

၁၇။ **ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတော်က သတ်မှတ်ခွင့်ပြု ပေးထားသော အသင်းများအတွက်** မြို့ကွက်သစ်များတွင် သီးသန့်နေရာချထားပေးမည် ဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် အသင်းများသည် **အထက်အပိုဒ် (၁၆) ပါ လိပ်စာများ** သို့ လာရောက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

**စုံစမ်းရန် ဖုန်းနံပါတ်များ။** ၀၆၇၄၀၉၃၂၀၊ ၀၆၇၄၁၄၂၀၂၊၀၆၇၄၁၄၂၀၄၊ ၀၆၇၄၁၄၂၈၉၊ ၀၆၇၄၁၄၂၉၄

## အမျိုး၊ ဘာသာ၊ သာသနာအကျိုး ဖော်ဆောင်နိုင်ရန်နှင့် အမျိုးသားရေးကို ရှေးရှုလျက် NLD မှ နုတ်ထွက်သူများ လက်တွဲပြီး ဝံသာနု NLD အဖွဲ့ကို ဖွဲ့စည်းထူထောင်ဆောင်ရွက် အဆိုးမြင်ဝါဒဖြင့် အမျိုးသားရေးအကျိုးစီးပွားပျက်အောင်လုပ်နေသော NLD ၏ လုပ်ရပ်များအား တုံ့ပြန်သွားမည်

# ပြည်ပအားကိုးမှုလွန်ကဲပြီး ဒီမိုကရေစီလမ်းစဉ်ကိုပစ်ပယ်နေသော NLD ၏ အလားအလာသည် ကျဆုံးခန်းတိုင်နေပြီဖြစ်ကြောင်း ဝံသာနု NLD အဖွဲ့က ဝေဖန်သုံးသပ်ထား ၎င်းတို့၏ ဆန္ဒသဘောထား အကြောင်းကြားလွှာကို NLD ဗဟိုသို့ ပေးပို့ဖြန့်ဝေခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂

**ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)အဖွဲ့က ၎င်းတို့၏ ဆန္ဒသဘောထားများကို ဖော်ပြရေးသားထားသည့် အကြောင်းကြားလွှာအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ရုံးသို့ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ပေးပို့ဖြန့်ဝေခဲ့ကြောင်း သိရသည်။**

အဆိုပါ အကြောင်းကြားလွှာတွင် NLD ဗဟိုသည် ပြည်တွင်းမှ ပါတီဝင်တို့၏ သဘောထားကို အလေးဂရုမပြုဘဲ ပြည်ပအနောက်နိုင်ငံများကိုသာ အားထားမှီခိုမှုလွန်ကဲခြင်း၊ မူလချမှတ်ထားရှိခဲ့သည့် ဒီမိုကရေစီအခြေခံ မူဝါဒလမ်းစဉ်များကို ပစ်ပယ်ခြင်းလုပ်ရပ်အမှားများ ကျူးလွန်ပြီး လမ်းလွဲကာ နိုင်ငံ့အကျိုးစီးပွားကို မဖော်ဆောင်နိုင်ရုံမက အဖွဲ့ချုပ်၏ကောင်းကျိုးကိုပင် လုပ်ဆောင်နိုင်ခြင်းမရှိတော့ကြောင်း။

NLD သည် အမျိုးသားရေးကို ဦးထိပ်ပန်ဆင်ရမည့်အစား တစ်မျိုးသားလုံးကို နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မြီးဆွဲဘဝသို့ရောက်အောင် တွန်းပို့နေကြောင်း၊ ထိုအချက်ကို အနောက်နိုင်ငံကြီးများမှ သံတမန်ဆိုသူများနှင့် ကြိမ်ဖန်များစွာ ကူးလူးဆက်ဆံနေခြင်း၊ ထိုသံရုံးများမှဖွင့်လှစ်သည့် သင်တန်းမျိုးစုံတို့ တက်ရောက်သင်ကြားနေခြင်းတို့က ပေါ်လွင်ထင်ရှားစွာ သာဓကပြဆိုလျက်ရှိကြောင်း။

ပြည်ပဆရာကြီးများ၏ ပံ့ပိုးကူညီမှုကိုမျှော်ကိုးပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အတိဒုက္ခရောက်စေရန်အတွက် NLD က မဟုတ်မမှန် လုပ်ကြံစွပ်စွဲ တိုင်တန်းသတင်းပေးပို့နေခြင်းသည် အမျိုး၊ ဘာသာ၊ သာသနာနှင့် နိုင်ငံ့အကျိုးကို ထိခိုက်နစ်နာစေသော လုပ်ရပ်များဖြစ်ကြောင်း။

ထို့ကြောင့် NLD ပါတီ၏ ရှေ့အလားအလာမှာ ကျဆုံးခန်းတိုင်နေပြီဖြစ်ကြောင်း၊ အမျိုးသားရေး အကျိုးစီးပွားပျက်စီးအောင် ကြံစည်လုပ်ဆောင်နေသူများအား ဝံသာနု NLD အဖွဲ့က ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်း ဆန့်ကျင်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)က NLD ဗဟိုသို့ ပေးပို့ဖြန့်ဝေခဲ့သော အကြောင်းကြားလွှာ အပြည့်အစုံကို အများပြည်သူများ သိရှိနိုင်ရန် ပူးတွဲဖော်ပြထားပါသည်။ (သတင်းစဉ်)

---

သို့

**ဥက္ကဋ္ဌ/အထွေထွေအတွင်းရေးမှူး**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို)**
**ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်**
**ရန်ကုန်မြို့**

**ရက်စွဲ၊ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်**

**အကြောင်းအရာ။** **ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)မှ NLD ဗဟိုရုံးသို့ အကြောင်းကြားလွှာပေးပို့ခြင်း**

**ရည်ညွှန်းချက်။**
**(၁) ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)၏(၂၀၀၇)ခုနှစ် လွတ်လပ်ရေးနေ့တွင်ထုတ်ပြန်သည့် ပြည်သူသို့ သတင်းထုတ်ပြန် ကြေညာချက်**
**(၂) လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်အပေါ် Double Veto သုံး၍ ကန့်ကွက်ခြင်းအတွက် ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)၏ သဘောထားကြေညာချက်၊ (၁၆-၁-၂၀၀၇)။**

၁။ ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)သည် ယခုနှစ် လွတ်လပ်ရေးနေ့တွင် ပြည်သူသို့ သတင်းထုတ်ပြန်ကြေညာချက်ကို ဆောင်ရွက်ခဲ့သည်။ အမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးများကို ဖော်ဆောင်ရန်အလို့ငှာ NLD သို့ ဝင်ရောက်ခဲ့ကြပါသည်။

၂။ သို့သော် အဖွဲ့ချုပ်ဗဟိုသည် ပြည်တွင်းပါတီဝင်တို့၏ သဘောထားကို အလေးဂရုမထားဘဲ (ဗဟိုကော်မတီဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ ဗဟိုအလုပ်ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်း စည်းရုံးရေးမှူးများ၊ မြို့နယ်စည်းများနှင့် ရပ်/ကျေးစည်းများ အားလုံးကို စည်းရုံးဖော်ဆောင်ရမည့်အစား) ပြည်ပနိုင်ငံများ(အထူးသဖြင့် အနောက်တိုင်းနိုင်ငံကြီးများ) ကိုသာ အားကိုးမှီခိုလွန်းခြင်း၊ ချမှတ်ပြီးခဲ့သည့် ဒီမိုကရေစီအခြေခံမူဝါဒလမ်းစဉ်များကို ပစ်ပယ်ခြင်းနှင့် နိုင်ငံတော်အကျိုးကိစ္စများကို ဖော်ဆောင်နိုင်ဖို့ဝေးစွ မိမိအဖွဲ့ချုပ်၏ကောင်းကျိုးကိုပင် ဖော်ဆောင်နိုင်စွမ်း မရှိကြောင်း၊ လမ်းလွဲသို့ရောက်ရှိနေကြောင်း လေ့လာသိရှိခဲ့ရပါသည်။ အမျိုးသားရေးကို ဦးထိပ်ပန်ဆင်ရမည့်အစား အမျိုးသားတစ်ရပ်လုံးကို သူ့ကျွန်ဘဝ၊ နောက်မြီးဆွဲဘဝသို့ ခေါ်ဆောင်သွားခြင်း၊ အနောက်တိုင်း ပြည်ပနိုင်ငံများကိုသာ အားကိုးနေခြင်း၊ မူလနိုင်ငံရေးယုံကြည်ချက် ပပျောက်လာခြင်း၊ အနောက်နိုင်ငံကြီးများ၏ သံတမန်ဆိုသူများနှင့် ကြိမ်ဖန်များစွာ ကူးလူးဆက်ဆံနေခြင်း၊ ထိုသံရုံးများသို့ သင်တန်းမျိုးစုံ တက်ရောက်သင်ကြားစေခြင်းများသည် ထင်ရှားသည့် သာဓကများဖြစ်ပါသည်။ နိုင်ငံတော်နှင့် နိုင်ငံတော်သားများ ဒုက္ခရောက်စေရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ပင် ပြည်ပဆရာကြီးများ၏ ပံ့ပိုးမှုဖြင့် မဟုတ်တရား စွပ်စွဲတိုင်တန်းခြင်းတို့အတွက် အမျိုး၊ ဘာသာ၊ သာသနာနှင့် နိုင်ငံတော်အကျိုးကို ဆုတ်ယုတ်နစ်နာစေနိုင်ပါသည်။

၃။ NLD နုတ်ထွက်သူများက ယခုအခါ၌ အမျိုး၊ ဘာသာ၊ သာသနာအကျိုး ဖော်ဆောင်နိုင်ရန် ဝံသာနု NLD ကို ထူထောင်ဖွဲ့စည်းရခြင်းဖြစ်သည်။ NLD မှ နုတ်ထွက်ခဲ့ကြသူများအနေနှင့်မူ NLD သည် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ●

---

# ပြည်ပြေး အကြမ်းဖက် သောင်းကျန်းသူများက ပြည်တွင်းနိုင်ငံရေး ဆန့်ကျင်လှုပ်ရှားမှုနှင့် ဆက်စပ်ပြီး ဖောက်ခွဲဖျက်ဆီးမှုနှင့် အဖျက်အမှောင့်လုပ်ငန်းများ ပူးတွဲလုပ်ဆောင်ရန် ကြံစည် အားထုတ်လျက်ရှိ

## ကြိုတင်ကာကွယ်တားဆီး တိုက်ဖျက်နိုင်ရေး ဆောင်ရွက်ထားရှိသော အစီအမံများနှင့်အညီ ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်သွားကြရန် အများပြည်သူတို့အား တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် ဖေဖော်ဝါရီ ၂

**မြန်မာနိုင်ငံ၌ ၎င်းတို့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ တင်နိုင်ရန် အားထုတ် လုပ်ကြံနေသော ကိုလိုနီနယ်ချဲ့ လက်သစ်နိုင်ငံအချို့နှင့် နယ်ချဲ့အလိုကျ လိုက်ပါအသုံးတော်ခံနေကြသည့် ပြည်ပအားကိုး အမျိုးသားသစ္စာဖောက်များက မြန်မာနိုင်ငံနှင့်ပတ်သက်၍ အကြောင်းပြချက်များ ထပ်မံဖန်တီး စွပ်စွဲနိုင်ရေးအတွက် တစ်ကျိုတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းစီစဉ် လုပ်ဆောင်လျက်ရှိနေကြသည်။**

ယင်းအစီအစဉ်အရ ပြည်ပြေး အကြမ်းဖက်သောင်းကျန်းသူများက ပြည်တွင်း နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုများနှင့် ချိန်ကိုက်ပြီး မတည်ငြိမ်မှုများ၊ ဆူပူအုံကြွမှုများ ဖြစ်ပွားအောင် အကြမ်းဖက်ဖောက်ခွဲမှုနှင့် အဖျက်အမှောင့်လုပ်ငန်းများ ဆက်စပ်လုပ်ဆောင်ရန်အတွက် ပြည်တွင်းသို့ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** *